
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၉၅၈၀၆၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၁၇၂၀၉၀၈

ထုတ်ဝေသူ ♦ ဦးကျော်ဆန်း (မြဲ-၀၉၃၂)
ရဲအောင်စာပေ၊ အမှတ် (၂)၊
ချွန်း(၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်။

အတွင်းနှင့်အဖုံးပုံနှိပ်သူ ♦ ဦးဇော်မင်းအေး (မြဲ-၀၇၁၂၅)
ဇော်ပုံနှိပ်တိုက်၊ (၃၈၆)၊ အင်ကြင်းမြိုင်လမ်း၊
(၂၃)ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊
ရန်ကုန်မြို့။

ပုံနှိပ်ခြင်း ♦ ပထမအကြိမ်၊ ၂၀၀၉ ခုနှစ်၊
မေလ။

အုပ်ရေ ♦ ၅၀၀ အုပ်

တန်ဖိုး ♦ ၁၀၀ ကျပ်

ဖြန့်ချိရေး ♦ ဖိုးလပြည့်စာပေ
အမှတ် (၂၂၃)၊ စီ-၄၊ ၃၁ လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
-095163764


www.burmeseclassic.com

www.burmeseclassic.com

လူတွေက တစ္ဆေသရဲကို

မမြင်ဘူးဘဲနဲ့ ကြောက်လန့်နေကြတယ်။

အကြောက်ခံရတဲ့

သရဲက ဘယ်မှာရှိတာလဲ

လူ့ဒတွ ကြောက်အောင်

သရဲတစ္ဆေက ဘယ်လိုခြောက်လှန့်ပြလို့လဲ။

www.burmeseclassic.com

www.burmeseclassic.com

တစ္ဆေသရဲအကြောင်း ပြောပြပါလို့

(တချို့) လူတွေကပြောတယ်

တစ္ဆေသရဲကရော တကယ်ခြောက်သလား

အမှန်တကယ် ခြောက်ခဲ့ရင်လည်း

တစ္ဆေသရဲအကြောင်းကို တစ်ယောက်ယောက်က

ကြောက်စရာကောင်းအောင် ပြောပြလို့ နားထောင်ရတာထက်

ကိုယ်တိုင် သရဲအစစ္စနဲ့ ကြုံတွေ့ပြီး ခြောက်လှန့်ခံရတာက

ပိုပြီး ကြောက်လန့်တုန်လှုပ်စရာကောင်းတာပေါ့။

www.burmeseclassic.com

www.burmeseclassic.com

သရဲတစ္ဆေ

တကယ်ခြောက်တဲ့အခါ

သင် ကြောက်လန့်တတ်ပါသလား

ကြောက်ရွံ့ထိတ်လန့်ခြင်းမရှိရင်တော့

ဆက်ဖတ်ကြည့်လိုက်ပါ

www.burmeseclassic.com

www.burmeseclassic.com

## (၁)

ငါးပေကျော်ကျော်လောက်ရှိတဲ့ ငါးမန်းကြီးတစ်ကောင်ကို ပန်းပေါ်ထမ်းယူလာတာကို အမှတ်မထင် စာခြည် မြင်လိုက်ရတော့ အံ့ဩဝမ်းသာကာ နှုတ်က လွှတ်ခနဲ ရေရွတ်လိုက်မိတယ်။

'ဟော… ကိုရဲ ပြန်လာပြီ'

စိတ်လှုပ်လှုပ်ရှားရှားနဲ့ ဧည့်ခန်းထဲက ဖြတ်လျှောက်လာရင်း သူ့အစ်ကိုနိုင်ကျော်စွာနဲ့ သူ့ယောင်းမ ယွန်းဝတီတို့ကိုလည်း တဆက်တည်းပြောတယ်။

'အစ်ကိုနိုင်… ကိုရဲပြန်လာပြီ၊ ဟိုမှာ…'

'ဟော… ဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



ဇာခြည့်စကားကြောင့် အစ်ကိုဖြစ်သူ နိုင်ကျော်စွာနဲ့ သူ့ဇနီး ယွန်းဝတီလည်း တအံ့တဩဖြစ်သွားကြတယ်။

'ဟုတ်တယ်၊ ဟိုမှာ ငါးမန်းကြီးတစ်ကောင်တောင် ပန်းပေါ် ထမ်းလာသေးတယ်'

ဇာခြည့်စကားဆုံးတော့ နိုင်ကျော်စွာနဲ့ ယွန်းဝတီက လည်ဆန့်ခေါင်းမော့ကာ အနီးရှိ ပြတင်းပေါက်ကနေ လှမ်းကြည့်တယ်။

ခဏကြာတော့ ကိုရဲ ရောက်လာပြီး ပန်းပေါ်က ငါးမန်းကြီးကို စားပွဲရှည်ပေါ် ပစ်တင်လိုက်တာကို အားလုံးက တွေ့လိုက်ရတယ်။

'ကိုရဲ…၊ ဘာလုပ်ဖို့လဲ၊ ဒီငါးမန်းကြီးက…'

ဇာခြည်က ကိုရဲမျက်နှာကို ကြည်နူးစွာကြည့်ရင်း မေးတယ်။

'ဒီနေ့ညစာ ခံတွင်းတွေ့ဖို့အတွက် သဘော်က ယူလာခဲ့တာ'

'အိုကေတာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



နိုင်ကျော်စွာက ကိုရဲစကားကို အလိုကျသွားတယ်။

'ဒီငါးမန်းကြီးကို ကျွန်မတို့ စားလို့ကုန်ပါ့မလား'

ယွန်းဝတီက ငါးမန်းကြီးကိုကြည့်ကာ ပြောတယ်။

'ကျွန်တော်တစ်ယောက်တည်း စားတာနဲ့တောင် ကုန်တယ်... ဟင်း... ဟင်း... ဟင်း...'

ယွန်းဝတီစကားကြောင့် ကိုရဲက ရယ်ရင်းပြောတယ်။

'မယုံပါဘူး'

ဓါခြည်က မျက်မှောင်လေးကြုတ်ကာ ပြောတယ်။

'ဒါဖြင့် အခု စားပြရမလား'

'ကဲ... အခုစားပြ'

ဓါခြည်က အတည်ပေါက်နဲ့ နောက်ရင်းပြောတယ်။

'ဒီမှာကြည့်နေ'

ဆိုပြီး ကိုရဲက ချက်ချင်း သူ့ပါးစပ်ကြီးကို ဆွဲဆန့်ဟာဖြဲလိုက်ပြီး စားပွဲပေါ်က ငါးမန်းကြီးကို အားရပါးရနဲ့ အစိမ်းလိုက်ကိုက်စားပြတယ်။

'ဟာ'



www.burmeseclassic.com

www.burmeseclassic.com



'ဟင်'

'အို'

သူတို့အားလုံးက ကိုရဲ အပြုအမူကိုကြည့်ပြီး အံ့ဩထိတ်လန့်သွားကြတယ်။

'ယုံကြပြီမို့လား၊ ဘယ်လိုလဲ'

ငါးမန်းသွေးတွေ စီးပေကျံနေတဲ့ ပါးစပ်ကို ဟဖြဲပြုံရင်း ပြောတယ်။ အားလုံးက ဘာပြန်ပြောရမှန်းမသိဘဲ သူ့ကိုအံ့ဩကြောက်လန့်သလို ဖြစ်နေကြတယ်။

ကိုရဲကတော့ ဆက်ပြီး ငါးမန်းကြီးကို မကောင်းဆိုးဝါးတစ်ကောင်လို မက်မက်စက်စက် ကိုက်စားနေဆဲ။

အချိန်အတော်လေးကြာတော့ စားပွဲပေါ်မှာ ငါးမန်းကြီးရဲ့ ဖွေးဖွေးဖြူတဲ့ အရိုးတွေပဲ ကျန်ရစ်တော့တာကို တွေ့ရတော့တယ်။

'ဟာ… ကိုရဲ ဘယ်လိုဖြစ်တာလဲ၊ မင်း လူမှဟုတ်ရဲ့လား'

နိုင်ကျော်စွာက ကိုရဲရဲ့ အပြုအမူကိုကြည့်ပြီး တုန်လှုပ်ထိတ်လန့်စွာနဲ့ပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဇာခြည်နဲ့ ယွန်းဝတီရဲ့အကြည့် မျက်လုံးတွေကလည်း ကိုရဲ မျက်နှာပေါ်မှာ စိတ်ဝင်တစားနဲ့ အံ့သြကာ စူးစိုက်နစ်ဝင်နေကြတယ်။

'ဘယ်လိုထင်လို့လဲ၊ ကျွန်တော့်ကို… ဒါဖြင့်'

ကိုရဲ ယဲ့ယဲ့လေးပြုံးရင်း ပြောတယ်။

'အဲဒါပဲ၊ ဘယ်လိုထင်ရမှန်းကို မသိတော့လို့ မေးတာ'

'ဒါကတော့ ခင်ဗျားတို့အားလုံး ထင်ချင်သလို ထင်ကြပေါ့ဗျာ၊ ကျွန်တော်ကတော့ ခင်ဗျားတို့ မယုံဘူးဆိုလို့ စားပြလိုက်ရတာပဲ၊ အခုတော့ ယုံသွားကြပြီမဟုတ်လား၊ ဒါဆို ကျွန်တော် ပြန်လိုက်ဦးမယ်ဗျာ၊ ဒီတစ်ခေါက် အရမ်းခရီးပန်းလာလို့ ကျွန်တော်က နားနားနေနေ ဒီမှာ ညစာစားပွဲလုပ်မလို့၊ အခုတော့ စိန်ခေါ်ပွဲမှာ စားပြလိုက်ရလို့ ငါးမန်းကြီးတစ်ကောင်လုံးလည်း ကုန်သွားပြီ၊ ကျွန်တော်လည်း ဗိုက်တင်းကားသွားပြီ၊ အနား သွားယူလိုက်ဦးမယ်၊ ကဲ… ဇာခြည် ကိုရဲ ပြန်လိုက်ဦးမယ်'



www.burmeseclassic.com

www.burmeseclassic.com



ကိုရဲ အားလုံးကို နှုတ်ဆက်ပြီး ချာခနဲ လှည့်ထွက်သွားတယ်။ သူတို့အားလုံးက ကိုရဲရဲ့ အပြုအမူတွေကို တအံ့တဩ ဖြစ်ကာ လှည့်ကြည့်လိုက်ကြတော့ ကိုရဲ လှစ်ခနဲ ပျောက်သွားတယ်။

'ဟာ… ဘယ်လိုဖြစ်တာလဲ'

'ဟုဘ်တယ်နော်'

'ကိုရဲ မရှိတော့ဘူး'

အားလုံးက ထူးဆန်းအံ့ဩသလို ဖြစ်နေချိန်မှာပဲ ရေစိုစက်လက်နဲ့ ခြေရာကြီးတွေက သံမံတလင်းထက်မှာ ထင်ထင်ရှားရှား ကျန်ရစ်ခဲ့တော့တယ်။

'ညီမလေးတို့ အိပ်မက်မက်နေတာများလား အစ်ကိုနိုင်'

ဇာခြည်က ကြုံတွေ့လိုက်ရတဲ့ အဖြစ်အပျက်ကိုတွေးရင်း နိုင်ကျော်စွာကို ပြောလိုက်တယ်။

နိုင်ကျော်စွာနဲ့ ယွန်းဝတီက သက်ပြင်းကို ပြိုင်တူ ခပ်ပြင်းပြင်းရှိုက်ချကြတယ်။

'အင်းလေ… ကိုရဲနဲ့ ပတ်သက်ပြီး အားလုံးကတော့



www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားစရာတွေချည်းပဲ ဓာခြည်'

ကိုရဲနဲ့ပတ်သက်ပြီး နိုင်ကျော်စွာက မှတ်ချက်ချတယ်။

ဘာပဲဖြစ်ဖြစ် ဓာခြည်နဲ့ ကိုရဲက တကယ်တော့…

* ♦ *

www.burmeseclassic.com

www.burmeseclassic.com

(၂)

အိပ်ယာပေါ်မှာ လှိမ့်လူးရင်း ကိုရဲ့အကြောင်းကို စဉ်းစားနေမိတယ်။ ကိုရဲနဲ့ ဇာခြည် ပထမဆုံး တွေ့ဆုံခဲ့ကြရတာကတော့ အစ်ကိုနိုင်ကျော်စွာနဲ့ ယွန်းဝတီတို့ရဲ့ မင်္ဂလာပွဲနေ့ကပဲ မဟုတ်လား။

အဲဒီကစပြီး ကိုရဲဟာ အစ်ကိုနဲ့ပတ်သက်လို့ အိမ်ကို အဝင်အထွက်စိပ်လာတယ်။ ပြီးတော့ သူ့အကြည့်မျက်လုံးရွှန်းရွှန်းကြီးတွေက ဇာခြည်ဆီမှာ တစ်ခုခုတောင်းခံနေသလိုပဲလို့ စိတ်ထဲက ထင်နေမိတယ်။



www.burmeseclassic.com

www.burmeseclassic.com



မကြာပါဘူး။ တစ်နေ့မှာတော့ အစ်ကိုနိုင်ကျော်စွာနဲ့ ယွန်းဝတီတို့ အပြင်ထွက်သွားတဲ့တစ်နေ့မှာ အမှတ်မထင် အိမ်ကို သူ ရောက်လာတယ်။

'ကိုနိုင်ကျော်စွာရော'

သူက ဧည့်ခန်းထဲကဆိုဖာတစ်ခုမှာ ထိုင်ရင်း စူးစမ်းအကဲခတ်သလိုနဲ့ မေးတယ်။

'မရှိဘူး၊ အပြင်သွားကြတယ်'

'ဟာ… ဇာခြည်တစ်ယောက်တည်းပေါ့၊ ဒါဆို…'

ဇာခြည့်စကားအဆုံးမှာ မရဲတရဲနဲ့ ကြည့်ကာ သူက ပြောတယ်။ ဇာခြည်က ရယ်ကျဲကျဲနဲ့ ခေါင်းညိတ်ပြမိတယ်။

'အဲဒါဆို'

ဇာခြည့်မျက်နှာကို ဖျတ်ခနဲကြည့်ရင်း သူက ဘာဆက်ပြောရမှန်းမသိဘဲ မျက်နှာကို အောက်စိုက်ချထားတယ်။

'ပြောလေ၊ ဘာဖြစ်လို့လဲ၊ အဲဒါဆို'

ဇာခြည်က မျက်မှောင်ကြုတ်ကာ ခပ်တည်တည်နဲ့ ပြောလိုက်တော့ သူက ပေကပ်ကပ်လုပ်နေတယ်။ ဘာမှ ဆက်မပြော



www.burmeseclassic.com

www.burmeseclassic.com



သေးဘူး။ ခဏကြာမှ သူက ဂျင်းဘောင်းဘီအိတ်ထဲက မှန်ဝိုင်းလေးတစ်ခုကို ရုတ်တရက်ဆွဲထုတ်ယူလိုက်ပြီး…

'ဓာခြည် ဒီမှာ မှန်လေးကို ကြည့်စမ်း'

လို့ပြောတယ်။ ဓာခြည်က ကြောင်စီစီနဲ့ သူပြောတဲ့အတိုင်း မှန်လေးကို ကြည့်လိုက်တယ်။

'အဲဒီမှန်ထဲမှာ မြင်နေရတာ ဘယ်သူ့မျက်နှာလဲ၊ သိလား'

'ဓာခြည့်မျက်နှာလေ၊ ဘာဖြစ်လဲ၊ အဲဒါ…'

'သူကတော့ ဘာမှမဖြစ်ဘူး၊ မြင်နေတာက…'

သူက ဘာမှဆက်မပြောသေးဘဲ ရက်အမ်းအမ်းနဲ့ ဓာခြည့်မျက်နှာကို ကြည့်နေတယ်။ ဓာခြည် သိလိုက်ပြီ။ ဒီလောက်တော့ မညံ့ပါဘူး၊ ဒါနဲ့…

'ဘယ်သူလဲ'

လို့ ခပ်ဆတ်ဆတ်မေးလိုက်တယ်။ ဒီမှာ သူက သူ့မျက်နှာရှေ့မှာ မှန်လေးထောင်ပြီး ပြတယ်။

'အဲဒီမှန်ထဲကကောင်ပေါ့၊ ဘာဖြစ်နေလဲဆိုတာ ဓာခြည်



www.burmeseclassic.com

www.burmeseclassic.com



ဘီလာ.

ဘီဘူ

ဇာခြည်က ခပ်တည်တည်နဲ့ ဟောက်ပစ်လိုက်တယ်။ ဒါပေမဲ့ စိတ်ထဲကတော့ ရယ်ချင်သလိုလိုပဲ။ သူက ဘာဆက်ပြော မလဲဆိုတာကိုလည်း ကြိုရိပ်မိနေတာကိုး…

'ဒီမှန်ထဲကကောင်ပေါ့၊ ဇာခြည့်ကို ချစ်နေတာကြာပြီ၊ အဲဒါ ဇာခြည်ဘယ်လိုလုပ်မလဲ ပြော'

သူ့စကားကြောင့် ဇာခြည့်စိတ်ထဲမှာ အကျဉ်းအကြပ် တွေ့သွားတယ်။ ဒါနဲ့ ဘာမှမပြောဘဲ မဖြေဘဲ နံရံပေါ်မှာ ဆွဲ ချိတ်ထားတဲ့ ဟိန္ဒူရှိမောင်နဲ့ ကောင်းကင်မှာ မြူးကြွဝဲပျံနေတဲ့ ပန်းချီကားကြီးကို ငေးကြည့်နေမိတယ်။

'ပြောလေ ဇာခြည်၊ ဘယ်လိုလုပ်မလဲဆိုတာ၊ ဟဲ… မပြောချင်ဘူးလား၊ ဒါဆိုလည်း အဲဒီမှန်ထဲကကောင်က ဇာခြည့်ကိုချစ်သလို ဇာခြည်က မချစ်နိုင်ဘူးဆိုရင် သူဟာဒီ မှန်လေးကို ပစ်ပေါက်ခွဲလိုက်တော့ ရော့…'

ဇာခြည်က မှန်ပိုင်းလေးကို ဆတ်ခနဲ လှမ်းယူလိုက်

www.burmeseclassic.com

ချောင်း…

www.burmeseclassic.com



တယ်။ သူက ငေးကြည့်ရင်း သက်ပြင်းချတယ်။

အဲဒီကစပြီး ဇာခြည်ရဲ့ နှလုံးသားကို သူ အနိုင်ကျင့်ခြင်း တာ သေချာသွားတယ်။

သူပေးခဲ့ဖူးတဲ့ မှန်ဝိုင်းလေးကို ဇာခြည် ပစ်ပေါက်မခဲ့ရက် ခဲ့ဘူး။ အခုချိန်ထိလည်း စိတ်ကို အသိပေးရင်း သူ့ကို သတိရတိုင်း သူပေးထားဖူးတဲ့ မှန်ဝိုင်းလေးကို အမှတ်တရ ထုတ်ကြည့်နေ မိတယ်။

အခုလည်း ကြည့်၊ အဲဒီအတိုင်းပဲ။ သူ့အကြောင်းကို စဉ်းစားရင်း မှန်တင်ခုံအံဆွဲလေးထဲမှာ မှတ်မှတ်ရရထည့်ထားတဲ့ မှန်ဝိုင်းလေးကို ဇာခြည် ထုတ်ယူကြည့်မိတယ်။

'ဟင်'

'ဟယ်'

ဇာခြည်ကြည့်နေတဲ့ မှန်ဝိုင်းလေးက မျက်လှည့်ပြလိုက် သလိုပဲ။ သူ့မျက်နှာပုံရိပ်ကို ရုတ်တရက်ကြီး မှန်ထဲမှာသွားခဲ့ မြင်တွေ့လိုက်ရတော့ ဇာခြည် အံ့သြထိတ်လန့်သွားတယ်။

သူ့မျက်နှာက အရင်တုန်းကလို ဟောက်ဝင်းပနေဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဖြူဖပ်ဖြူလျော်နဲ့။ လူသေတစ်ကောင်ရဲ့ မျက်နှာမျိုး။

ကြည့်ရင်း... ကြည့်ရင်းနဲ့ ဇာခြည့်စိတ်တွေ တုန်လှုပ်ခြောက်ခြားလာတယ်။

'ကိုရဲ... ဘာများဖြစ်နေပြီလဲ၊ မသိဘူး'

စိုးရိမ်စိတ်နဲ့ ဇာခြည့်ရင်ထဲက တိုးတိုးသဲ့သဲ့လေး ရေရွတ်မိတယ်။

'ကိုရဲ... ဘာဖြစ်နေလဲဆိုတာ မသိဘူးလား ဇာခြည်ကိုရဲကို လာကယ်လှည့်ပါဦး'

အမှတ်မထင် ဆိုသလို ထူးဆန်းတဲ့ သူ့အသံက ဇာခြည့်နားထဲကို ရုတ်တရက် စီးဝင်အေးစိမ့်လာတာကြောင့် လန့်သွားတယ်။

'အို... ဘာတွေလည်း မသိဘူး'

ဘာသာပြောရင်း စိတ်အပြောင်းအလဲဖြစ်ဖို့အတွက် မှန်ဗိုင်လေးကို မှန်တင်ခုံပေါ် လှမ်းတင်ထားလိုက်မိချိန်မှာတော့

'အီး... ဟီး... ဟီး... ဟီး...'

'အီး... ဟီး... ဟီး... ဟီး...'

www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ ဆွဲဆွဲငင်ငင်နဲ့ သူ့ရဲ့ငိုသံတွေကို ဆက်တိုက်ကြား နေရတော့တယ်။ ဘာလုပ်ရမလဲ။ ဘာတွေဖြစ်နေတာလဲ။ ဓာခြည့်စိတ်တွေ ချောက်ချားနေပြာလား။ တစ်ခုခုတော့ တစ်ခု ခုပဲ။ ဒါပေမဲ့ ဘာလဲဆိုတာ ဓာခြည် ဝေခွဲစဉ်းစားလို့မရဖြစ်နေ သလို သူ့ရဲ့ငိုသံတွေကလည်း အဝေးကြီးကနေ နီးလာသလိုလိုနဲ့ အနီးကနေ ဝေးသွားသလိုလို။

ဟိုလိုလို ဒီလိုလိုနဲ့ ဓာခြည့်ခန္ဓာကိုယ်မှာ သွေးစီးနှုန်းတွေ မြန်လာရင်း အသံကို ဆက်နားထောင်နေမိတော့တယ်။

'အီး... ဟီး... ဟီး... ဟီး...'

'အီး... ဟီး... ဟီး... ဟီး...'

ပြီးမှ ငိုညည်းသံကြီးက တိတ်ဆိတ်ငြိမ်သက်သွားရင်း အစိမ်းရောင်မီးခိုးမှိုင်းကြီးက ဝုန်းခနဲ ထတောက်လာတော့...

'အောင်မလေး'

ဓာခြည်က ထိတ်လန့်ကြောက်ရွံ့ပြီး ကပျာကယာ မျက် လုံးဖွင့်ကြည့်လိုက်တယ်။ ဒီမှာ ခြောက်အိပ်မက်ကမရှိတော့ဘူး။ မီးခိုးမှိုင်းကြီးနဲ့အတူ ချက်ချင်းပျောက်သွားတော့တယ်။

* * *



www.burmeseclassic.com

www.burmeseclassic.com

# (၃)

'ကိုကျော်စွာ'

ခြောက်ကပ်ကပ်အသံနဲ့ လှမ်းခေါ်လိုက်တဲ့ ကိုရဲရဲ့ အသံကြောင့် နိုင်ကျော်စွာဟာ ဖျတ်ခနဲ လှည့်ကြည့်လိုက်ရင်း…

'ဟာ… ကိုရဲ၊ သင်္ဘောက ပြန်လာပြီလား'

လို့ နိုင်ကျော်စွာက ကိုရဲကိုကြည့်ကာ အံ့သြသလိုနဲ့ မေးတယ်။

'ဟုတ်တယ် ကိုကျော်စွာ၊ ဒီညနေပဲ သင်္ဘောဆိုက်တယ်၊ ပြန်မိန့်ရလို့၊ ဒါနဲ့ ကိုကျော်စွာကို သတိရလို့ ဒီကို



www.burmeseclassic.com

www.burmeseclassic.com



အရင်ဆုံး ဝင်လာခဲ့တာပဲ'

သူက ပြောရင်း နိုင်ကျော်စွာဘေးက ခုံလွတ်တစ်ခုမှာ ဝင်ထိုင်လိုက်တယ်။

'ငါ့ဆီ ဝင်လာချင်လို့ မဟုတ်ပါဘူး ကိုရဲရာ၊ ငါ့ညီမ ဓာခြည်ကို၊ ဟဲ… ဟဲ… ဟဲ…'

နိုင်ကျော်စွာက စကားကို မဆက်ဘဲ အဓိပ္ပာယ်ပါပါနဲ့ ရယ်တယ်။ ကိုရဲကလည်း ရှက်အမ်းအမ်းနဲ့ ရောယောင်ရယ် လိုက်တယ်။ ပြီးမှ ကိုရဲက ကျောပိုးအိတ်ထဲမှ ဝီစကီပုလင်းကို ထုတ်ယူကာ စားပွဲပေါ်တင်လိုက်ရင်း…

'ဒီမှာလေ ကိုကျော်စွာကို သတိရလို့ဆိုတာက တွေ့တယ်မဟုတ်လား'

လို့ပြောတယ်။

'နို့မို့ကြောင့် မင်းကိုချစ်နေရတာ၊ အဲ… အင်း… ငါ့ ညီမနဲ့ သဘောတူနေရတာ၊ ဟင်း… ဟင်း… ဟင်း'

နိုင်ကျော်စွာက ရယ်ကျဲကျဲနဲ့ပြောရင်း ပုလင်းကို လှုပ်ကာ စတင်ဖွင့်လိုက်တယ်။ ပြီးတော့…



www.burmeseclassic.com

www.burmeseclassic.com



'ယွန်းရေ… ကိုနိုင်တို့အတွက် အမြည်းတစ်ခုခုလုပ်ပေးပါဦး'

လို့ သူ့ဇနီးယွန်းဝတီကို လှမ်းအော်ပြောလိုက်တယ်။

'ဒီတစ်ခေါက် မင်းသဘော်ထွက်သွားတာ တော်တော်ကြာသွားတယ်နော်'

'ဟုတ်တယ် ကိုနိုင်ကျော်စွာ'

'အဆင်ရောပြေရဲ့လား၊ ဒီတစ်ခေါက်'

'မဆိုးပါဘူး'

'ဒါနဲ့ မင်းနဲ့ ငါ့ညီမဇာခြည်ကိစ္စကရော၊ အစီအစဉ်ဘယ်လိုရှိလဲ'

'ကိုကျော်စွာရဲ့ညီမ ဇာခြည့်ဆန္ဒတစ်ခုပါပဲ၊ ကျွန်တော်ကတော့ သူ့သဘောအတိုင်းပဲ'

'ဒါဆိုလည်း ဇာခြည့်ဆန္ဒသဘောကို မေးကြည့်တော့မှလကွာ'

နိုင်ကျော်စွာနဲ့ ကိုရဲတို့ နှစ်ယောက် စကားပြောနေဆဲမှာပဲ ယွန်းဝတီက ပုစွန်ခြောက်သုပ်တစ်ပွဲကို အမြည်းအဖြစ်ချပေး



www.burmeseclassic.com

www.burmeseclassic.com



ပေါ် လာချပေးတယ်။ နိုင်ကျော်စွာက အလောတကြီးနဲ့ ဖန်ခွက်
ထဲကို အညီအမျှအရက်ငှဲ့ထည့်ပေးတယ်။

ပြီးတော့ နှစ်ယောက်အတူတူ ဖန်ခွက်ကိုလက်နဲ့ကိုင်
မြှောက်လိုက်ပြီး . . .

'အောင်မြင်ပါစေ'

လို့ ဆုတောင်းကာ အရက်ဖန်ခွက်ကို မော့သောက်ကြ
တယ်။ နောက် နိုင်ကျော်စွာက ပုစွန်ခြောက်သုပ်ကို ဇွန်းနဲ့ခပ်
မြည်းရင်း အရက်ကို ထပ်ငှဲ့ပြန်တယ်။

'ကဲ . . . သွေးပူ လေ့ကျင့်ခန်းလေး ဆက်လုပ်ကြဦးစို့'
ပြောရင်း နိုင်ကျော်စွာက ကိုရဲကို ဖျတ်ခနဲကြည့်လိုက်

'ဟာ . . . ဟင် . . . ကိုရဲ'

လွှတ်ခနဲ နှုတ်ကထွက်သွားရင်း နိုင်ကျော်စွာ အံ့ဩ
ထိတ်လန့်သွားတယ်။ သူ ခုံလန့်အံ့ဩလောက်အောင်လည်း
သူ့ဘေးမှာ စောစောကရှိနေတဲ့ ကိုရဲက ထူးဆန်းစွာပျောက်သွား
တယ်။



www.burmeseclassic.com

www.burmeseclassic.com



'ဟာ… ကိုရဲ ဘယ်ရောက်သွားပြီလဲ မသိဘူး၊ ယွန်း ရေ… ခဏလာပါဦး'

ကြုံတွေ့လိုက်ရတဲ့ အဖြစ်အပျက်ကြောင့် နိုင်ကျော်စွာက ကြောက်လန့်တုန်လှုပ်ကာ သူ့ဇနီး ယွန်းဝတီကို အော်ခေါ်ရှာကြီး လှမ်းခေါ်တယ်။ သူ့ဘေးနားကို ယွန်းဝတီရောက်လာတော့…

'ယွန်း… ကိုရဲကိုတွေ့မိလား'

လို့အလောတကြီးနဲ့ မေးတယ်။

'ဟင်… ကိုနိုင်နဲ့ပဲ အရက်အတူကူသောက်နေပြီးကော့'

ယွန်းဝတီက နိုင်ကျော်စွာစကားကြောင့် ခေါင်းကုတ်ကာ စိတ်ရှုပ်ထွေးသွားဟန်ပြတယ်။

'ဟုတ်တယ်၊ အဲဒါ အခု သူမရှိတော့ဘူး၊ ဘယ်ရောက် သွားပြီလဲ မသိဘူး၊ ပြန်မယ်ဆိုလည်း နှုတ်ဆက်မှာပေါ့၊ အဲဒါကြောင့်မို့ ယွန်းကို ခေါ်မေးကြည့်တာ၊ တွေ့မိ လားလို့'

'ဟင့်အင်း… မတွေ့မိဘူး'

'ဟာ… ဒါဆို အဖော့ကို ထူးဆန်းတာပဲ၊ ကိုနိုင်နဲ့



www.burmeseclassic.com

www.burmeseclassic.com



အရက်အတူတူထိုင်သောက်နေရင်းက ပျောက်သွားတာဆိုတော့'

'ဘယ်လိုဖြစ်တာလဲ၊ အဲဒါ…'

'မသိဘူး၊ ဒါတော့…'

နိုင်ကျော်စွာနဲ့ ယွန်းဝတီက တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ကာ ကိုရဲအကြောင်းကို စိတ်ဝင်တစားဖြစ်နေကြတယ်။

'ဒါဆိုရင်တော့ သရဲ လာခြောက်တာများလား မသိဘူး' နိုင်ကျော်စွာက ဆက်ပြောတယ်။

'မဟုတ်က ဟုတ်က ကိုနိုင်ကလဲ၊ သူမှ မသေသေးဘဲ ဥစ္စာ'

'ဒါဖြင့် ဘယ်လိုဖြစ်လို့ အခုလို'

'ကိုနိုင် အရက်မူးနေလို့ ဖြစ်ချင်ဖြစ်မှာပေါ့'

'မဖြစ်နိုင်ဘူး၊ ဒါလည်း…'

ပြောရင်း နိုင်ကျော်စွာက ခေါင်းကိုဖြည်းဖြည်းချင်းခါနေတယ်။ ခဏကြာတော့ သူ့အကျီအိတ်ထဲက…



www.burmeseclassic.com

www.burmeseclassic.com



'တီ… တီ… တီ…'နဲ့ မြည်လာတယ်။ ဆွဲထုတ်လိုက်တော့ ဆယ်လူလာဖုန်းတစ်လုံး။ ဖုန်းကိုကိုင်လိုက်တော့ သူ့မျက်နှာချက်ချင်းပြောင်းလဲသွားတယ်။

'ဟုတ်တယ်၊ ကိုရဲ အခုပြောနေတာ ကိုရဲ ဟုတ်လား'

စကားပြောနေရင်း သူ့အသံတွေက တုန်ခါနေတော့တယ်။ ဘယ်လိုလုပ်မလဲ။ ကိုရဲနဲ့ပတ်သက်ပြီး နိုင်ကျော်စွာဘယ်လိုဆက်ပြီးစဉ်းစားလို့မရတော့ဘူး။ တမလွန်ကလှမ်းနေလိုက်တဲ့ ကိုရဲအသံတွေကိုလည်း ဆက်နားမထောင်ရဲတော့ဘူး။ သူ့အသိစိတ်အာရုံနဲ့ ဦးနှောက်ထဲမှာတော့ အကြောင်းတစ်ခုခုကြောင့် ကိုရဲသေပြီး သရဲလာခြောက်နေတာပဲလို့ စိတ်ကူးတွေးနေမိတော့တယ်။

* ♦ *



www.burmeseclassic.com

www.burmeseclassic.com

(၄)

နိုင်ကျော်စွာရယ်၊ သူ့ဇနီး ယွန်းဝတီရယ်၊ ဇာခြည်ရယ်၊ သုံးယောက်သား မနက်ပိုင်းကော်ဖီသောက်ရင်း မျက်နှာချင်းဆုံမိ ကြတော့…

'ဇာခြည်… ညီမလေး မနေ့ညနေက အိမ်ကို ကိုရဲ ရောက်လာတယ်'

ဆိုပြီး နိုင်ကျော်စွာက စတင်အသံပြုလိုက်တယ်။

'ဟင်… ဇာခြည်လည်း မတွေ့ပါလား၊ ဟုတ်ရဲ့လား အစ်ကိုနိုင်ရယ်'



www.burmeseclassic.com

www.burmeseclassic.com



ဒီစကားကြောင့် နည်းနည်းတော့ ဇာခြည်အံ့ဩသွား တယ်။

'ဟုတ်တယ် ဇာခြည်၊ ကိုနိုင်နဲ့သူ အရက်တောင် အတူ တူသောက်ကြသေးတယ်၊ ယွန်းလည်း တွေ့တယ်၊ ဒါပေမဲ့…'

ယွန်းဝတီက စကားကို ဆက်မပြောသေးဘဲ နိုင်ကျော် စွာမျက်နှာအရိပ်အကဲကို ဖျတ်ခနဲ ကြည့်တယ်။

'ဘာဖြစ်လဲ၊ ပြောပါဦး'

ဇာခြည်က သေချာအောင်ထပ်မေးတယ်။

'ဒါပေမဲ့ ကိုနိုင်နဲ့အတူတူ အရက်သောက်နေရင်း သူ ပျောက်သွားတယ်'

'ဟင်… ဟုတ်လား'

ယွန်းဝတီစကားဆုံးတော့ ဇာခြည့်မျက်လုံးလေး ဝိုင်း သွားတယ်။

'ဇာခြည်လည်း အဲဒီလိုပဲ မှန်ကြည့်နေတုန်း သူ့မျက်နှာ က မှန်ထဲမှာ ဘွားခနဲပေါ်လာတယ်၊ အိပ်မက်လိုလို



www.burmeseclassic.com

www.burmeseclassic.com



ဘာလိုလိုနဲ့ နောက်ပြီးတော့ သူ့ရဲ့ငိုသံရှည်ရှည်ကြီး ကိုလည်း ဆက်တိုက်ကြားရတယ်၊ ဘာတွေလည်းတော့ မသိဘူး၊ သူနဲ့ပတ်သက်ပြီး ထူးတော့ ထူးဆန်းတာ အမှန်ပဲ'

ဇာခြည့်စကားဆုံးတော့ နိုင်ကျော်စွာနဲ့ယွန်းဝတီက ခေါင်း ညိတ်ကြတယ်။

'ဟုတ်တယ် ဇာခြည်၊ ဒီတော့ ကိုရဲနဲ့ပတ်သက်ပြီး အကြောင်းစုံသိရအောင် သူ့အိမ်သွားပြီး စုံစမ်းမေးကြည့် ပါလား'

ကိုရဲကိစ္စနဲ့ပတ်သက်လို့ နိုင်ကျော်စွာက အကြံပေးတယ်။

'ကိုနိုင်ပြောတာ ဟုတ်တယ် ဇာခြည်၊ ဒါမှ ကိုရဲ ဘာ ဖြစ်လဲဆိုတာ အကြောင်းစုံသိကြရမှာ'

'ဒါဆို သွားလိုက်မယ်လေ၊ မနက်ဖန်ကျ. '

ဇာခြည်က အပြတ်သားဆုံးပြန်ပြောလိုက်ချိန်မှာပဲ အမှတ် မထင် သက္ကလတ်ကုတ်အင်္ကျီ၊ ဂျင်းဘောင်းဘီနက်ပြာနဲ့ သားရေ ဖိနပ်ရှည်ကြီးကို ဝတ်ဆင်ထားတဲ့ လူအရိပ်ကြီးတစ်ခုက အခန်းထဲ



www.burmeseclassic.com

www.burmeseclassic.com



ကို ရုတ်တရက်ဝင်လာတာ တွေ့မြင်လိုက်ရတယ်။

'ဒေါက်... ဒေါက်... ဒေါက်...'

ခပ်ပြင်းပြင်း ဖိနပ်သံကြောင့် မျက်စိခြောက်လုံး လူသုံးယောက်က အထိတ်တလန့် လှည့်ကြည့်လိုက်ကြရင်း...

'ဟိတ်... ဘယ်သူလဲ'

အသံပြုလိုက်တော့ အရိပ်ကြီးက လှစ်ခနဲ ပျောက်သွားတယ်။ ဒါပေမဲ့ သူတို့သုံးယောက်စလုံး မျက်လုံးပြူး မျက်ဆံပြူးနဲ့ တုန်လှုပ်ကြောက်ရွံ့နေကြတယ်။ ဘာဖြစ်လို့လဲဆိုတော့...

..................................

အဲဒါကြောင့်ပဲ။

* ♦ *

www.burmeseclassic.com

www.burmeseclassic.com

(၅)

ဇာခြည်က သတိထားပြီး ကားကိုမောင်းနေစဉ်မှာပဲ...

'တီ... တီ... တီ'နဲ့ ဆယ်လူလာဖုန်းသံက မြည်လာတယ်။ ဆယ်လူလာဖုန်းကို ဆွဲထုတ်ယူပြီး နားထောင်လိုက်တော့...

'ဖြည်းဖြည်းမောင်းနော် ဇာခြည်၊ ဒီလမ်းက ကားသိပ်ရှုပ်တယ်၊ ဒါပေမဲ့ ရဲရဲမောင်းပါ၊ ဇာခြည့်ဘေးမှာ ကိုရှိပါတယ်၊ ဘာမှမကြောက်ပါနဲ့'

ဆိုပြီး ကိုရဲ့အသံကို ရုတ်တရက်ကြားလိုက်ရတော့ ထိတ်



www.burmeseclassic.com

www.burmeseclassic.com



သန့်အံ့ဩပြီး ဘေးကထိုင်ခုံကို လက်နဲ့ယောင်ရမ်းပြီး စမ်းကြည့်မိချိန်မှာပဲ ကျောထဲမှာ စိမ့်ခနဲ အေးသွားတယ်။ ဇာခြည်လက်နဲ့ စမ်းမိတဲ့အရာက အေးစက်စက် ပျော့အိအိကြီး။ ဘာကြီးလဲ မသိဘူး။ မသိလို့ ဆတ်ခနဲ လှည့်ကြည့်မိတော့လည်း ဘာမှမတွေ့မမြင်ရဘူး။ ခက်တော့ ခက်နေပြီလို့ ဇာခြည် စိတ်ထဲက တုန်တုန်လှုပ်လှုပ် တွေးလိုက်မိရင်း ကားကို ဆက်မောင်းလာခဲ့မိတယ်။

'အခု… ဇာခြည်က ကိုရဲတို့အိမ်သွားမလို့ မဟုတ်လား'

ဇာခြည်က ဘာမှပြန်မပြောခင်မှာပဲ ကိုရဲအသံကို ဆက်ကြားလိုက်ရပြန်တယ်။ ဇာခြည် အံ့ဩထိတ်လန့်နေတယ်။ ကိုရဲ ဘယ်ကနေပြီး ဖုန်းဆက်နေတာပါလိမ့်။

'အဟဲ… ဟိုဒင်း… ဟိုဒင်းကလေ'

ဇာခြည် ပါးစပ်အဟောင်းသားဖြစ်နေတုန်းမှာပဲ ကိုရဲအသံက ပြီးဆုံးတိတ်ဆိတ်ပျောက်ကွယ်သွားတော့တယ်။

ဒါပေမဲ့ ဇာခြည့်စိတ်တွေက ဟိုဟိုဒီဒီကို ပျံ့လွင့်နေတော့တယ်။

* ♦ *

www.burmeseclassic.com

www.burmeseclassic.com



'ဘာတဲ့လဲ ဓာခြည်'

ဓာခြည့် အိမ်ပြန်ရောက်တော့ နိုင်ကျော်စွာနဲ့ ယွန်းဝတီက သိချင်စိတ်စောကာ ဆီးကြို့မေးတယ်။

'သူတို့လည်း ကိုရဲ့နဲ့ပတ်သက်ပြီး ဘာမှမသိရဘူးတဲ့၊ ဒါပေမဲ့ ကိုရဲနဲ့ပတ်သက်ပြီး ထူးဆန်းတာတွေတော့ ရှိတယ်တဲ့၊ ဘယ်လိုလဲဆိုတော့ အဲဒါက သူတို့အိမ်ရှေ့မှာ ရှိတဲ့ ဗာဒံပင်အောက်ကခုံတန်းလေးမှာ ညတိုင်းညတိုင်း ဂစ်တာတီးသံ ကြားရတယ်တဲ့၊ ကိုရဲများ ပြန်လာပြီး ဂစ်တာတီးနေသလားဆိုပြီး အိမ်ရှာက ထကြည့်ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



လည်း ဘာမှမတွေ့မြင်ရဘူးတဲ့၊ နောက် သူ့အိပ်ခန်းထဲက မီးခလုတ်ကိုလည်း ဖွင့်လိုက် ပိတ်လိုက်နဲ့၊ ပြီးတော့လည်း ဂိုဒေါင်ထဲမှာရှိတဲ့ သူ့ကားကိုလည်း စက်နှိုးသံတွေ ခဏခဏ ကြားရတယ်တဲ့၊ မီးခလုတ်ဖွင့်သံကြားရလို့ သူ့အခန်းထဲဖွင့်ကြည့်တော့ လူတစ်ယောက် ကျောခိုင်းအိပ်နေတာကို တွေ့ရတယ်တဲ့၊ ဒါနဲ့ အနားတိုးကပ်ပြီး ကြည့်လိုက်တော့ ကိုရဲ မဟုတ်ဘူး၊ သိပ်ပြီး ကြောက်စရာကောင်းတဲ့ လူ့အရိုးစုကြီးကို စောင်နဲ့ထုပ်ပတ်ထားတာကို တွေ့ရတော့တယ်တဲ့၊ ဒီတော့ ကိုရဲနဲ့ပတ်သက်ပြီး ဘယ်လိုစဉ်းစားရမှန်း မသိတော့ဘူး၊ ကိုရဲတော့ တစ်ခုခုများ ဖြစ်နေပြီလား မသိဘူး'

ဇာခြည်က ကိုရဲနဲ့ပတ်သက်ပြီး စိတ်ရှုပ်ထွေးဟန်နဲ့ ပြောတယ်။

'တစ်ခုခုဖြစ်ရင်တော့ သူ့အိမ်ကိုတော့ အကြောင်းကြားရမှာပေါ့၊ အခုဟာက ဘယ်လိုပြောရမှန်းတောင် မသိတော့ဘူး'



www.burmeseclassic.com

www.burmeseclassic.com



နိုင်ကျော်စွာက ကိုရဲအကြောင်းနဲ့ပတ်သက်ပြီး ခေါင်းကိုလက်နဲ့ကုတ်ကာ ပြောတယ်။

'ဟုတ်တယ်နော်၊ ဘာမှန်းကို မသိတော့ဘူး'

ယွန်းဝတီက ဇဝေဇဝါနဲ့ ပြောတယ်။ နောက်တော့ သုံးယောက်သား ဆက်ပြောစရာစကား ကုန်သွားသလို တိတ်ဆိတ်ငြိမ်သက်နေကြစဉ်မှာပဲ ပုပ်အက်အက်အနံ့တစ်ခုက အခန်းထဲကို ဝေ့တိုးဝင်လာတယ်။ ဇာခြည်က နှာသီးဖျားရှေ့မှာ လက်ကို လှုပ်ရမ်းခတ်ရင်း ပြောတယ်။

'ဟင်… ဘာနံ့ကြီးလဲ မသိဘူး၊ အနံ့ဆိုးလိုက်တာ'

'ကြွက်သေပုပ်နံ့များလား'

နိုင်ကျော်စွာနဲ့ ယွန်းဝတီကလည်း နှာခေါင်းကို အုပ်ကာရင်း ပြောတယ်။ ဒါပေမဲ့ အပုပ်နံ့ကတော့ ဆိုးဆိုးဝါးဝါးပဲ ပျောက်ပြယ်မသွားသေးဘူး။

'ကဲ… ရှာကြည့်ကြပါဦး၊ အခန်းတွေထဲ ကြွက်များ သေပြီး ပုပ်နေသလား'

နိုင်ကျော်စွာရဲ့စကားအဆုံးမှာ ဇာခြည်နဲ့ ယွန်းဝတီက



www.burmeseclassic.com

www.burmeseclassic.com



နှာခေါင်းကိုလက်နဲ့အုပ်ရင်း ဟိုရှာဒီရှာ ရှာကြည့်ကြတယ်။ အခန်းတွေအားလုံး နံ့သွားတာတောင် ပုရွက်တစ်ကောင်သေနေတာတောင် မတွေ့ကြရဘူး။

'နံ့နေပြီ အစ်ကိုနိုင်၊ ဘာမှမတွေ့ဘူး'

ဇာခြည်က စိတ်ညစ်ဟန်နဲ့ ပြောတယ်။

'ဒါဆို ဘယ်ကနံနေတာလဲ၊ ဒီအပုပ်နံ့ကြီးက…'

'စဉ်းစားစရာပဲ'

နိုင်ကျော်စွာနဲ့ ယွန်းဝတီလိုပဲ ဇာခြည်လည်း စဉ်းစားမရ ဖြစ်နေတယ်။

'ဟော… ပြောရင်း အပုပ်နံ့ကြီးက ထောင်းခနဲ ထောင်းခနဲ ထလာပြန်ပြီ၊ ဘယ်လိုလုပ်ကြမလဲ'

နိုင်ကျော်စွာက နှာခေါင်းရှုံ့တွ ရှုံ့တွလုပ်ပြီး ဘေးဘီကို ကြည့်ကာ ပြောပြန်တယ်။

ဒီတော့မှ ယွန်းဝတီ စဉ်းစားမိသလို လုပ်ရင်း ပြောတယ်။

'ဩော်… သိပြီ၊ သိပြီ'



www.burmeseclassic.com

www.burmeseclassic.com



'ဘာလဲ'

'ငါးပတ်ပုပ်ပုပ်၊ ရေတ်စပ်စပ်ချက်စားဖို့ မနေ့က ဝယ်လာတဲ့ ငါးပတ်ကို ဆားနယ်ထားတာ၊ အဲဒီက အနံ့ပဲ ဖြစ်ရမယ်'

'ဒါဆိုလည်း သွားကြည့်ပါဦးကွာ၊ အနံ့က မခံနိုင်တော့ဘူး'

နိုင်ကျော်စွာ စကားကြောင့် ယွန်းဝတီက မီးဖိုခန်းထဲကို ခပ်သုတ်သုတ်လျှောက်သွားပြီး ခဏကြာတော့ ပြုံးပြုံးပျာပျာနဲ့ ပြန်ထွက်လာတယ်။

ယွန်းဝတီအမူအရာကို ကြည့်ပြီး ဓာခြည်က အလောတကြီးမေးတယ်။

'ဘာဖြစ်လာတာလဲ'

'ငါးဆားနယ်တွေ မရှိတော့ဘူး'

'ဟာ'

'ဟင်'

ယွန်းဝတီရဲ့ စကားအဆုံးမှာ ဓာခြည်နဲ့ နိုင်ကျော်စွာ



www.burmeseclassic.com

www.burmeseclassic.com



ထိတ်လန့်အံ့ဩသလို ဖြစ်သွားတယ်။

'ကြောင်များ နိုးစားသွားလား မသိဘူး'

'ဘယ်က ကြောင်ရှိလို့လဲ၊ အိမ်မှာက…'

'ဟုတ်သားပဲ'

သုံးယောက်သား ဇဝေဇဝါဖြစ်နေစဉ်မှာပဲ မီးဖိုခန်းထဲက ထွက်သွားတဲ့ ခပ်ပြင်းပြင်းခြေသံကို ရုတ်တရက် ကြားလိုက်ရတယ်။

'ဟော… ခြေသံကြားလား'

'ဟိတ်… ဘယ်သူလဲ'

'................'

နိုင်ကျော်စွာ၊ ယွန်းဝတီ၊ ဇာခြည်တို့ ပါးစပ်အဟောင်းသားနဲ့ ဘာလုပ်လို့ လုပ်ရမှန်းမသိဖြစ်နေချိန်မှာပဲ ခြေသံက ပျောက်သွားသလို စောစောကအမှုပ်နံ့ကလည်း ချက်ချင်းပျောက် ပြယ်သွားတော့တယ်။

* ◆ *



www.burmeseclassic.com

www.burmeseclassic.com

(၆)

ကိုရဲနဲ့ပတ်သက်ပြီး ဇာခြည်က စဉ်းစားလို့မရဖြစ်နေသလို နိုင်ကျော်စွာနဲ့ ယွန်းဝတီကလည်း (လုံးဝ) မတွေးတတ်ကြတော့ဘူး။ အဲဒီလိုဖြစ်နေချိန်မှာပဲ အမှတ်မထင် ကိုရဲရဲ့သူငယ်ချင်း အောင်ကိုသက် အိမ်ကိုရောက်လာတယ်။ ရောက်ရောက်ချင်းပဲ သူက ဇာခြည့်ကို စူးစမ်းသလို ကြည့်ရင်းမေးတယ်။

'ကျွန်တော့်ကို မှတ်မိလား ဇာခြည်'

'မှတ်မိပါတယ်၊ ကိုရဲ မိတ်ဆက်ပေးဖူးတယ်လေ၊ ကိုရဲရဲ့ သူငယ်ချင်း ကိုအောင်ကိုသက်မဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



'ဓာခြည်က မှတ်ဉာဏ်သိပ်ကောင်းတာပဲ၊ ကျွန်တော်က မှတ်မှ မှတ်မိပါ့မလားလို့၊ စိုးရိမ်နေတာ'

ပြောရင်း အောင်ကိုသက်က ဆိုဖာခုံမှာ ထိုင်ချလိုက်တယ်။ သူ့မျက်လုံးတွေကတော့ ဂဏှာမငြိမ်ဘူး။

'ရပါတယ်၊ ဒါစိုးရိမ်စရာ မဟုတ်ပါဘူး၊ ဒါနဲ့ ကိုအောင်ကိုသက်ကို မေးကြည့်ရဦးမယ်'

စကားကြောင့် အောင်ကိုသက်က ဓာခြည့်ဘက်ကို စောင်းငဲ့ကြည့်လိုက်တယ်။ ဓာခြည့်စကားကြောင့် ပြူးပြူးပျာပျာ ဖြစ်သွားတယ်။

'ဘာများပါလိမ့်'

'ဩော်… ဖိုလေ၊ ကိုရဲ့အကြောင်းနဲ့ပတ်သက်ပြီး မေးကြည့်ချင်လို့'

'ကျွန်တော်ကလည်း အဲဒီအကြောင်း ပြောပြချင်လို့ လာခဲ့တာ၊ အခု…'

'[illegible] ဒီ ကိုရဲ ဘာဖြစ်လို့လဲ'

'ဖြစ်ပုံကတော့ အရမ်းစိတ်မကောင်းစရာပဲဗျာ'



www.burmeseclassic.com

www.burmeseclassic.com



'ပြောပါဦးရှင်၊ ဘယ်လိုဖြစ်လို့လဲ'

အောင်ကိုသက်စကားကြောင့် ဓာခြည့်ရင်တစ်ခုလုံး တဒိတ်ဒိတ်ခုန်သွားတယ်။

'ဖြစ်ပုံကတော့ ဒီလိုပါ၊ ကိုရဲနဲ့ ကျွန်တော် သဘော်မထွက်ခင် တစ်ရက်မှာ အရှေ့ရိုးမဘက်ကို အပျော်တမ်းတောပစ်ထွက်ခဲ့ကြတယ်၊ တောင်ထိပ်ပေါ်မှာ ဆတ်တစ်ကောင်ကို မြင်တွေ့တော့ ကိုရဲက မလွှတ်တမ်း အနီးကပ်ပစ်ဖို့အတွက် တောင်ထိပ်ပေါ်ကို ဖြည်းဖြည်းချင်းတက်သွားတယ်၊ ကျွန်တော်က သူ့ကို သတိလှမ်းပေးပါတယ်၊ နောက်ကိုပြန်လှည့်လာခဲ့ဖို့၊ ဒါပေမဲ့ သူက ကျွန်တော့်စကားကို နားမထောင်ဘဲ ဆက်ပြီးတက်သွားတယ်၊ ချောက်ကမ်းပါးအစွန်းတစ်ခုကို ရောက်တော့ သူလျှောကျသွားတဲ့ မြင်ကွင်းကို အထိတ်တလန့်နဲ့ ကျွန်တော်တွေ့လိုက်ရသလို အားခနဲ သွေးရူးသွေးတန်းနဲ့ သူ့အော်သံကိုလည်း ကြားလိုက်ရတယ် ဒါနဲ့ ကျွန်တော်လည်း သူရှိရာဆီကို ကမန်းကတန်းနဲ့ ပြေးထွက်သွား



www.burmeseclassic.com

www.burmeseclassic.com



မိတယ်။ ချောက်ကမ်းပါးအစွန်းဘက်က ဘာမှ ဆုပ်ကိုင် တွယ်ထားစရာ အဖုအထစ်မရှိဘူး၊ အဲဒီမှာ ကျွန်တော် လည်း စိုးရိမ်တကြီးနဲ့ ကုတ်အင်္ကျီကို ကပျာကယာ ချွတ်ပြီး ဆုပ်ဖြဲလိုက်တယ်။ ပြီးတော့ သေနတ်ဒင်နဲ့ ချည်ပြီး သူ့ဆီကို လှမ်းပေးလိုက်တယ်။ ဒါပေမဲ့ သူ မမီဘူး။ ဒါနဲ့ ကျွန်တော်က ကျန်တဲ့အင်္ကျီကို ချွတ်ပြီး ထပ်ဆက်ကာ သူ့ဆီကို လှမ်းပစ်ပေးလိုက်ပြန်တယ်၊ ဒီတစ်ခါတော့ သူ မီလုမီခါနီးမှာပဲ ရုတ်တရက် မမျှော် လင့်ဘဲ ဟိုးအဝေးဆီကို လျှောကျသွားရှာတော့တယ်၊ ဒီမှာ ကျွန်တော်လည်း စိတ်မကောင်းခြင်းကြီးစွာနဲ့ အရူး အမူး အော်ဟစ်လိုက်မိတယ်'

'ကိုရဲ… ကိုရဲ… ကိုရဲ…'

'ဒါပေမဲ့ ကျွန်တော့်အသံကိုတော့ သူကြားသွားနိုင်မယ် မထင်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူလည်းပဲ သူ့ ကံကြမ္မာဆိုးက အဆုံးသတ်သွားပြီဆိုတာကို နောက်ဆုံး သိခွင့်ရသွားရှာ ပြီမဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



'ဒါပေမဲ့ သူအဲဒီလို မဖြစ်ခင်မှာ'

အောင်ကိုသက်က ပြောလက်စစကားကို ဆက်မပြောသေးဘဲ အင်္ကျီအိတ်ထဲက တစ်ခုခုကို ဆွဲထုတ်ယူလိုက်တယ်။ ဓာခြည်က သူ့အပြုအမူကို စိတ်ဝင်စားစွာနဲ့ ကြည့်နေတယ်။

'ဟောဒီ ဓာခြည်ရဲ့ ဓာတ်ပုံလေးကို ကျွန်တော့်ပေးသွားတယ်'

'ဘာလဲ၊ ကျွန်မကို ပြန်ပေးပေးဖို့လား'

'မဟုတ်ဘူး၊ ကျွန်တော့်ကို ပေးသွားခဲ့တာ'

'ရှင်'

သူ့စကားကြောင့် ဓာခြည်အံ့ဩသွားတယ်။ သူနဲ့ဓာခြည် ဓာတ်ပုံနဲ့က ဘာဆိုင်လို့လဲ။ စိတ်ထဲကလည်း မကျေမနပ်တွေးလိုက်တယ်။

'အံ့ဩသွားလား ဓာခြည်၊ တကယ်တော့ သူဟာ သူ့ကံကြမ္မာကို ကြိုသိနေလို့ သူချစ်တဲ့ဓာခြည်ကို သူချစ်တဲ့ သူငယ်ချင်း ကျွန်တော်ကလွဲပြီး ဘယ်သူမှ ပိုင်ဆိုင်သိမ်းပိုက်တာကို မလိုလားဘူးဆိုတဲ့ သဘောမျိုးပေါ့



www.burmeseclassic.com

www.burmeseclassic.com



ခါခြည်ရယ်'

'ဒီကိစ္စကတော့ မဖြစ်နိုင်ဘူး ကိုအောင်ကိုသက်၊ ဘယ်လိုမှ'

'ဟင်း'

ခါခြည်ရဲ့ စကားအဆုံးမှာ အောင်ကိုသက်က သက်ပြင်းသဲ့သဲ့ချတယ်။

'ဒါကတော့ ခါခြည့်သဘောပဲလေ၊ ကျွန်တော်ကတော့ ကျွန်တော့်သူငယ်ချင်းကိုရဲရဲ ဖြစ်စေချင်တဲ့သဘောထားကို ပြောရတာပဲ၊ စဉ်းစားပေါ့ ခါခြည်၊ အချိန်တွေအများကြီး ရှိပါသေးတယ်'

အောင်ကိုသက်စကားကြောင့် ခါခြည် တစ်ချက်ငိုင်ကျကာ တွေဝေသွားတယ်။ ပြီးမှ မယုံကြည်နိုင်လောက်တဲ့ အံ့သြမှုတွေနဲ့…

'ကိုအောင်ကိုသက်ပြောနေတာ အားလုံးအမှန်တွေချည်းပဲလား'

ခါခြည်က စကားဆက်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော် ယောကျ်ားတစ်ယောက်ပါ ဓာခြည်၊ မိန်းမတစ်ယောက်ရဲ့အရေပြားနဲ့ စကားလုံးတွေ တပ်ဆင်မထားပါဘူး'

'ဒါဆိုရင်တော့ လောလောဆယ် ဘာကိုမှ ကျွန်မမစဉ်းစားနိုင်သေးဘူး၊ ကိုရဲအတွက် အရမ်းစိတ်ထိခိုက်နေလို့ပါ၊ ဒါကိုတော့ ကိုအောင်ကိုသက် နားလည်ပေးပါ'

'ကျွန်တော်လည်း သူငယ်ချင်းကိုရဲနဲ့ ပတ်သက်ပြီးအရမ်းခံစားရပါတယ် ဓာခြည်၊ အခုလို လာပြောပြရတာကလည်း ကိုရဲရဲ့အကြောင်းကို သိထားရအောင်လို့ပါ'

'ကျေးဇူးတင်ပါတယ် ကိုအောင်ကိုသက်'

'ဒါဖြင့် ပြန်ခွင့်ပြုပါဦး ဓာခြည်'

ပြောပြောဆိုဆို အောင်ကိုသက်က ထိုင်ရာမှ ဆတ်ခနဲထလိုက်တယ်။ ဓာခြည်ရဲ့ စိတ်အာရုံတွေက အရောင်ပြောင်းသွားတယ်။ အောင်ကိုသက် ပြန်သွားတော့ အခန်းထဲမှာ တိတ်ဆိတ်



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်သက်သွားတယ်။

ဒါပေမဲ့ ဓာခြည့်ရင်ထဲမှာတော့ ကိုရဲနဲ့ပတ်သက်ပြီး ကြေကွဲစိတ်၊ ဝမ်းနည်းစိတ်၊ ယူကြုံးမရစိတ်တွေက မတိတ်ဆိတ် မငြိမ်သက်နိုင်သေးဘူး။

နို့မို့ကြောင့် အစ်ကိုနိုင်ကျော်စွာနဲ့ ယွန်းဝတီတို့မင်္ဂလာ ပွဲတုန်းက ကိုနိုင်ကျော်စွာရယ်၊ ယွန်းဝတီရယ်၊ ကိုရဲရယ်၊ ဓာခြည် ရယ် လေးယောက်တွဲပြီး အမှတ်တရရိုက်ထားတဲ့ နံရံပေါ်က ဓာတ်ပုံကြီးကို သတိတရနဲ့ လှမ်းကြည့်လိုက်မိတော့…

ကိုရဲမျက်နှာက ဓာတ်ပုံထဲမှာ ချက်ချင်းပြောင်းလဲသွား တာကို အံ့သြဖွယ်ရာ တွေ့ရတယ်။ အရင်ကထက်ပိုပြီး ပိန်သွား ကာ ဖျော့တော့တော့မျက်နှာနဲ့ ပါးရိုးကြီးတွေ ငေါထွက်နေတယ်။ မျက်တွင်းကလည်း ဟောက်ပက်၊ မျက်လုံးတွေကလည်း ထိတ် လန့်ကြောက်မက်ဖွယ်ရာ မငြိမ်မသက်ဖြစ်နေတာကို သတိထား ကြည့်နေမိစဉ်မှာပဲ တစ်စုံတစ်ခုကို ပြောလိုက်တဲ့ အသံမျိုးကို ကြားလိုက်ရတယ်။

'ချောက်ကမ်းပါးစွန်းကို ကိုရဲ တွယ်ဖက်ထားသေးတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ခဏပါပဲ၊ နောက်တော့ ချောက်ကမ်းပါးကြီးထဲ ပြုတ်ကျသွားတော့တာပဲ ဇာခြည်၊ ကိုရဲကို မကယ်နိုင်တော့ဘူးလား'

ဒီမှာ အသံက ဆက်မကြားရတော့ဘဲ ပြတ်သွားတယ်။ ဓာတ်ပုံထဲက ကိုရဲဟာ တကယ်ပဲ ဇာခြည့်ကို ပြောပြနေတာလား။

ဒါမှမဟုတ် ဇာခြည့်စိတ်ထဲက ချောက်ချောက်ချားချား တွေးပြီး ကြားယောင်နေမိတဲ့ အသံတွေပဲလား။ ဘာတစ်ခုမှတော့ မသေချာဘူး။

ဒါပေမဲ့ သေချာတာတစ်ခုကတော့ ရှိတယ်။ ဟိုးအဝေးဆီက ကြားနေရသလိုပဲ။

'ကိုရဲသေပြီ' တဲ့။

* ♦ *



www.burmeseclassic.com

www.burmeseclassic.com

(၇)

'ကိုရဲ သေပြီ'တဲ့။

ဓာခြည်ရဲ့ စကားအဆုံးမှာ နိုင်ကျော်စွာနဲ့ ယွန်းဝတီ တို့မျက်လုံးပြူးမျက်ဆံပြူး ဖြစ်သွားကြတယ်။

'သေချာရဲ့လား ဓာခြည်ရယ်'

နိုင်ကျော်စွာက စိတ်မကောင်းတဲ့ မျက်နှာနဲ့ ကြည့်ကာ မေးတယ်။ ယွန်းဝတီရဲ့ မျက်နှာမှာလည်း ချက်ချင်းဝမ်းနည်းမှု အရောင်ကို ပြောင်းလဲသွားတယ်။

'သူ့သူငယ်ချင်း ကိုအောင်ကိုသက် လာပြောသွားတာပဲ

အပျော်တမ်း တောပစ်ထွက်ရင်း ချောက်ကမ်းပါးစွန်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုက ချော်ကျသွားတာတဲ့'

ဇာခြည်က အောင်ကိုသက်ပြောပြသွားတဲ့အတိုင်း ပြန်ပြောပြတယ်။ နိုင်ကျော်စွာက မျက်မှောင်တစ်ချက်ကြုတ်ကာ ပြောတယ်။

'ကိုရဲ သေသွားပြီဆိုတာကတော့ ရှင်းပါတယ်၊ နို့မို့ကြောင့်လည်း သူ့ဝိညာဉ်က အစ်ကိုနိုင်တို့ကို မကြာခဏ လာပြီး ခြောက်လန့်ပြနေတာပေါ့၊ ဒါပေမဲ့ ကိုရဲ သေရတဲ့ ကိစ္စနဲ့ပတ်သက် ပြီးတော့ အစ်ကိုနိုင် မယုံသင်္ကာတစ်ခု တော့ ဖြစ်နေမိတယ်'

'ဘယ်သူ့ကိုလဲ'

ပြောရင်း ဇာခြည်က နိုင်ကျော်စွာပြောမဲ့စကားကို နားစွင့်နေတယ်။

'အောင်ကိုသက်ကိုလေ'

'ဘယ်လို၊ အောင်ကိုသက် ဟုတ်လား ကိုနိုင်'

'ဟုတ်တယ်'

ထပ်ပြောလိုက်တဲ့ နိုင်ကျော်စွာစကားပေါ်မှာ ဇာခြည်ရဲ့ ဒိပ်ာအာရုံက ရောက်သွားတယ်။

* ♦ *



www.burmeseclassic.com

www.burmeseclassic.com



'ဇာခြည်'

ကိုရဲရဲ့ခေါ်သံကြောင့် ဖျတ်ခနဲ ဇာခြည်လှည့်ကြည့်မိတော့ ကိုရဲ ဘေးနားမှာ မျက်နှာစိမ်းတစ်ယောက်ကလည်း ဇာခြည်ကို စိုက်ကြည့်နေတယ်။

'ကိုရဲ'

'ဇာခြည်… ဒါ ကိုရဲရဲ့ သူငယ်ချင်း အောင်ကိုသက်တဲ့၊ သူက သင်္ဘောဆိုက်တိုင်း ကုန်းပေါ်မှာ ရင်းနှီးနေတဲ့ အသိမိတ်ဆွေ မရှိရှာဘူး၊ တစ်ယောက်တည်း ပျင်းရိသွေ့ခြောက် အထီးကျန်နေတာမို့ ခေါ်လာခဲ့တာပဲ၊ အောင်ကိုသက် ဒါကတော့ ငါ တန်ဖိုးအထားဆုံး ချစ်သူ ဇာခြည်ပဲ'



www.burmeseclassic.com

www.burmeseclassic.com



ကိုရဲက သူ့သူငယ်ချင်းအောင်ကိုသက်နဲ့ ဇာခြည်ကို မိတ်ဆက်ပေးတယ်။ အဲဒီဂါတည်းက သူ့မျက်လုံးအကြည့်တွေ တာ မရိုးသားဘူးဆိုတာ ဇာခြည်က ရိပ်မိခဲ့တယ်။ ရိပ်မိခဲ့တဲ့ အတိုင်းပါပဲ။

နောက်ပိုင်း မကြာခဏသလို ဇာခြည့်ဆီကို သူ ရောက် ရောက်လာတယ်။ နောက်ပြီး ရမယ်မရှိ ရမယ်ရှာကာ ရေမွှေး ပုလင်း၊ လက်သည်းနီ ဘူးဆေး၊ နှုတ်ခမ်းနီဗူးလှလှလေးတွေကို လည်း အမှတ်တရပစ္စ ္းအဖြစ် လက်ဆောင် ယူလာပေးတယ်။

ဒါကလည်း ဒယုန်မြင်လို့ ဒီခြုံထွင်နေတာပဲ မဟုတ် လား။

ဇာခြည့်စိတ်ထဲက အလိုလိုသိနေမိတယ်။

ဒါပေမဲ့ ဇာခြည်ရဲ့ချစ်သူ ကိုရဲရဲ့သူငယ်ချင်းတစ်ယောက်မို့ ဒီလောက်ထိ မထင်မှတ်ခဲ့ဘူး။

သူငယ်ချင်းပေါ်မှာလည်း သစ္စာဖောက်လိမ့်မယ် မထင် မိခဲ့ဘူး။ ဒါပေမဲ့ ဇာခြည့်စိတ်ထဲက ထင်ထားတဲ့အတိုင်း သူ့အတိ ရုပ်က ဘွားခနဲ ပေါ်လာတော့တယ်။

www.burmeseclassic.com



အဲဒီနေ့က ကိုရဲကိစ္စတစ်ခုနဲ့ မန္တလေးကိုသွားတဲ့နေ့။ ဇာခြည့်ဆီကို သူရောက်လာတယ်။ ရောက်လာတဲ့အကြောင်းကိစ္စကိုလည်း ဖွင့်ပြောတယ်။

'ဇာခြည့်ကို ကျွန်တော် ချစ်နေပြီ' တဲ့။

'ကျွန်မမှာ ချစ်သူရှိတာ ကိုအောင်ကိုသက် သိတယ် မဟုတ်လား၊ ကိုအောင်ကိုသက်ရဲ့ သူငယ်ချင်း ကိုရဲလေ'

'ဟုတ်ပါတယ်၊ သိပါတယ်၊ ဒါပေမဲ့ ကိုရဲနဲ့ ဇာခြည်က ချစ်သူတွေ အဆင့်ပဲရှိသေးတာ မဟုတ်လား၊ စေ့စပ်လက်ထပ်ကြရသေးတာမှ မဟုတ်တာပဲ၊ ဒီတော့ ကျွန်တော်လည်း ဇာခြည့်ကို ချစ်ပိုင်ခွင့်ရှိတာပေါ့၊ နို့မို့ကြောင့် အခုလိုဖွင့်ပြောမိတာပဲ၊ ဇာခြည် ဘယ်လိုသဘောရလဲဗျာ'

'မိန်းမကောင်းပန်းပန် တစ်ပွင့်တည်းဆိုတဲ့အတိုင်းပဲ ကျွန်မချစ်သူအပေါ်မှာ သစ္စာဖောက်မ အဖြစ်မခံနိုင်ဘူး ကိုအောင် ကိုသက်'

'ဇာခြည်ရဲ့ စိတ်သဘောကို ခုလိုသိရတာ ဝမ်းသာပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဒါပေမဲ့ ကျွန်တော့်အချစ်ကတော့ ဇာခြည်နဲ့ပတ်သက်ရင် ဘယ်တော့မှ ကျရှုံးသွားမှာ မဟုတ်ပါဘူး၊ အဲဒါပဲ ကျွန်တော် ပြောချင်တာ၊ ပြောပြီးပြီး၊ ပြန်ခွင့်ပြုပါဦး"

အဲဒီတုန်းက သူ့ကို မျက်မှန်းကျိုးစွာနဲ့ ဇာခြည်မျက်စောင်းထိုးကြည့်နေမိသလားပဲ။

ဟုတ်တယ်။ အဲဒီတုန်းက သူ့ကို ဇာခြည် မျက်စောင်းထိုးပြီးကြည့်နေမိတယ်။

"ဟိတ်… ဇာခြည် ဘာဖြစ်နေတာလဲ"

ရုတ်တရက် မခုံးကို ဆုပ်ကိုင်လှုပ်ခါရင်း ပြောလိုက်တဲ့ နိုင်ကျော်စွာရဲ့ စကားကြောင့် လန့်ဖျပ်ကာ ဇာခြည့်အာရုံထဲ ရောက်နေတဲ့ အောင်ကိုသက်လည်း ဖျတ်ခနဲ ပျောက်သွားတော့တယ်။

"အဲ… အင့်… ဟို… ဘာမှမဖြစ်ပါဘူး"

"ကဲလာ၊ ဒါဆို ထမင်းစားကြရအောင်"

ဇာခြည်ရယ်၊ နိုင်ကျော်စွာရယ်၊ ယွန်းဇော်ရယ် သုံး



www.burmeseclassic.com

www.burmeseclassic.com



ယောက်ား ထမင်းစားခန်းထဲကို ဝင်လိုက်တော့ ထမင်းစားပွဲမှာ ကိုရဲတစ်ယောက်တည်း ထမင်းထိုင်စားနေတာကို အံ့ဩထိတ်လန့်စရာ မြင်တွေ့လိုက်ရတယ်။

'ဟာ… ကိုရဲ'

'ဟင်'

'အောင်မယ်လေး ဘယ်လိုဖြစ်တာလဲ'

သုံးယောက်သား မျက်စိခြောက်လုံး ပြူးပြူးပြဲပြဲဖြစ်သွားတယ်။

'ဟုတ်တယ်လေ၊ ထမင်မးစားရတာ ကြာလှပြီ၊ ကျေးဇူးအရမ်းတင်တာပဲဗျာ၊ အခုလို ထမင်းစားရတာ၊ ကြည့်စမ်းပါဦး၊ စားကောင်းကောင်းနဲ့ စားလိုက်တာ ဗိုက်ကိုတင်းကားသွားတာပဲ၊ ဟောဒီမှာ'

ပြောပြောဆိုဆိုနဲ့ ကိုရဲက သူ့အင်္ကျီစကို ဆွဲလှန်ပြီး သူ့ဗိုက်ကြီးကို ပြလိုက်တော့ ပူဖောင်းကြီးကို လေမှုတ်သွင်းထားသလို ဗိုက်ကြီးက ရှေ့ကိုတစ်ထောင်လောက် ဖောင်းကားစူထွက်လာတာကို တအံ့တဩနဲ့ တွေ့လိုက်ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



'အောင်မလေး ကြောက်စရာကြီးပါလား၊ မိုက်ကြီးက အကြီးကြီးပဲ'

စာခြည်က ကြောက်ရွံ့ထိတ်လန့်ပြီး အော်လိုက်မိသလို နိုင်ကျော်စွာနဲ့ ယွန်းဝတီကလည်း ကြောက်အားလန့်အားနဲ့ တစ်ယောက်ကိုတစ်ယောက် ဖက်ထားကြတယ်။

ခဏကြာတော့ ကြောက်မက်ဖွယ်ရာ မြင်ကွင်းထဲက ချက်ချင်းပဲ ကိုရဲက လှစ်ခနဲ ပျောက်သွားတယ်။

'ဟာ…'

'ဟင်…'

'အို…'

'ကိုရဲ မရှိတော့ပါလား'

သုံးဦးသား မျက်လုံးပြူး မျက်ဆံပြူးဖြစ်ကာ အံ့သြတုန်လှုပ်နေကြတော့တယ်။

ပြီးတော့ အိပ်မက်များမက်နေသလား နိုးထနေသလား ဆိုတာ သူတို့စိတ်ထဲမှာ ဟိုလိုလို ဒီလိုလို ဝေဝေဝါးဝါး ဖြစ်နေမိကြတော့တယ်။

* ◆ *



www.burmeseclassic.com

www.burmeseclassic.com

## (၈)

'ဇာခြည်အချစ်ကို ရအောင် ဘယ်လိုနည်းနဲ့ ယူရမလဲ'

အောင်ကိုသက်က စိတ်ကူးကြံစည်ရင်း အရက်ဖန်ခွက်ကို မော့သောက်ဖို့ ပြင်လိုက်တော့ ရုတ်တရက်…

'ဖျန်း' ခနဲ သူ့လက်ကို ခပ်ပြင်းပြင်းရုတ်ပုတ်ချလိုက်သလို…

'ဠွမ်း' ခနဲ ဖန်ခွက်ကလက်ထဲမှ လွတ်ကျသွားတယ်။

'ဟာ… ငါ့လက်ကို ဘယ်သူရိုက်ချလိုက်တာလဲ မသိဘူး'



www.burmeseclassic.com

www.burmeseclassic.com



ထိတ်ထိတ်လန့်လန့်ဖြစ်ရင်း ဟိုဟိုဒီဒီကို မျက်လုံးဝေ့ဝဲရှာကြည့်လိုက်တယ်။ ဒါပေမဲ့ ဘာမှမတွေ့ မမြင်ဘူး။ ဒါနဲ့ ဖန်ခွက်တစ်လုံးထပ်ယူပြီး ဝီစကီကို ငှဲ့ထည့်လိုက်ချိန်မှာ အမွှေးအမျှင်တွေ ရှည်ရှည်ကြီးနဲ့ လက်တစ်ဖက်က ပြတင်းပေါက်ကနေ ရုတ်တရက်ဝင်လာပြီး စားပွဲပေါ်က ဖန်ခွက်ကို ဖျတ်ခနဲ လှမ်းဆွဲယူသွားတယ်။

မြင်တွေ့လိုက်ရတဲ့ မြင်ကွင်းကြောင့်…

'ဟာ… ဘာကောင်ကြီးလက်လဲ မသိဘူး၊ အရက်ခွက်ကိုယူသွားပြီ'

အောင်ကိုသက် တုန်လှုပ်ခြောက်ခြားကာ နံရံပေါ်မှာ ဆွဲချိတ်ထားတဲ့ သေနတ်ကို သွားဖြုတ်ယူလိုက်တယ်။ သေနတ်မောင်းပေါ်ကို လက်တင်ထားပြီး ပြတင်းပေါက်ကို ပစ်မှတ်ထားချိန်လိုက်တော့…

'ဟာ… ဘာမှလည်း မရှိတော့ပါလား'

ရေရွတ်ရင်း အောင်ကိုသက်စိတ်တွေ လှုပ်လှုပ်ရှားရှားဖြစ်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com



'ဟော့ကောင် အောင်ကိုသက် မင်းကို ငါ လိုက်ရှာနေတာ၊ အခုမှပဲ တွေ့ရတော့တယ်၊ ဟား… ဟား… ဟား'

ကြားလိုက်ရတဲ့ အသံသြသြကြီးကြောင့် အောင်ကိုသက် ထိတ်လန့်ကာ ကြောက်စိတ်တွေ မွန်ထူလာတယ်။ ပြီးတော့ တုန်ယင်ထစ်ငေါ့တဲ့အသံနဲ့ မေးတယ်။

'မင်း… မင်း… ဘယ်… သူ… လဲ'

'မင်းသူငယ်ချင်း ငရဲလေကွာ'

'ဘာ… ငရဲ ဟုတ်လား'

ကြောက်စိတ်ကြောင့် အသံက ချက်ချင်းပြောင်းလဲသွားတယ်။

'ဟုတ်တယ်'

'ဘယ်မှာလဲ၊ မင်းက အခု…'

'မတွေ့ဘူးလား ငါ့ကို၊ မင်းအိမ်ထဲရောက်နေတယ်လေကွာ'

အသံဆုံးတော့ အောင်ကိုသက်က ကြောက်ရွံ့တုန်လှုပ်

www.burmeseclassic.com

www.burmeseclassic.com



ပြီး သေနတ်မောင်းပေါ် လက်တင်ကာ ပတ်ဝန်းကျင်ကို ပြူးပြူး ပြဲပြဲနဲ့ လိုက်ရှာကြည့်တယ်။ ဒါပေမဲ့ ဘာမှအရိပ်အရောင် မတွေ့ မြင်ရဘူး။

ဒီတော့ ဘာလုပ်လို့ လုပ်ရမှန်းမသိတော့ဘဲ သူ့တစ်ကိုယ်လုံးလည်း ကြောက်စိတ်တွေကြောင့် ချွေးစေးတွေ စိမ့်ပျံ ထွက်လာတယ်။

'ငါ့ကို မတွေ့ဘူးမဟုတ်လား အောင်ကိုသက်၊ ဟား… ဟား… ဟား…'

အသံက ထွက်လာပြန်တယ်။

'မတွေ့ဘူး၊ မင်းဘယ်မှာလဲ ကိုရဲ'

ပြန်ပြောရင်း ကြောက်ကြောက်ရွံ့ရွံ့နဲ့ အောင်ကိုသက်က သေနတ်နဲ့ ဟိုချိန်ဒီချိန် ချိန်ရွယ်နေတယ်။

'ငါ့ကို တွေ့ချင်လို့လား'

'အင်း… တွေ့ချင်တယ်'

မရဲတရဲအသံနဲ့ အောင်ကိုသက်က ပြန်ပြောတယ်။

'ဒါဆို မင်းနဲ့ငါ တောပစ်ထွက်တုန်းက ငါလိမ့်ကျခဲ့



www.burmeseclassic.com

www.burmeseclassic.com



ရတဲ့ ချောက်ကမ်းပါးကိုလာခဲ့လေကွာ၊ အဲဒီကိုမှ မင်း မလာဘူး ဆိုရင်တော့ ငါက လာခေါ်ရမှာပဲ၊ အခုလို'

'ငါလာစရာလည်း မလိုဘူး၊ မင်းလည်း လာခေါ်စရာ မလိုဘူး'

'ဟင်း... ဟင်း... ဟင်း... အဲဒါကြောင့် မင်းအတွက် စကားပ်တစ်ခုထားခဲ့တာဖြစ်မှာပေါ့ကွာ၊ ဘာတဲ့ သူ့ မယားလိုချင် သူ့လင်လုံ့နဲ့ထိုးဆိုတာလေ'

'ဘာ ပြွလာပြောနေတာလဲ၊ မင်းအသံကို ငါ မကြား ချင်ဘူး၊ ငါ့ဒီခါက အခုထွက်သွားတော့ ငရဲ'

ကြောက်ရွံ့ထိတ်လန့်စွာနဲ့ အော်ဟစ်ရင်း အောင်ကိုသက် အိပ်ရာကလန့်နိုးတော့ ညက အတော်ညဉ့်နက်နေပြီ။

ဟိုးအဝေးက ခွေးအူသံတွေကလည်း အဆက်မပြတ် ကြားနေရတယ်။ အခုတော့ အောင်ကိုသက်လည်း အရက်မူး ပြေနေပြီမဟုတ်လား။

* ♦ *



www.burmeseclassic.com

www.burmeseclassic.com

(၉)

'ဇာခြည်'

'ဩော်... ကိုအောင်ကိုသတ်'

ပြောရင်း ဇာခြည်က မျက်ခွံလေးပင့်ကြည့်တယ်။

'ဟုတ်တယ် ဇာခြည်။ လက်ဖက်ရည်ဆိုင်က ပြန်လာရင်း ဝင်လာခဲ့တာ'

အောင်ကိုသက်က ဇာခြည့်ရှေ့မှာ ရပ်ရမလို၊ ထိုင်ရမလို ဖြစ်နေတာကို ဇာခြည်ကမြင်တော့ အားနာသလိုပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com



'ဒါနဲ့ ဘာကိစ္စရှိလို့လဲ ကိုအောင်ကိုသက်၊ ထိုင်လေ'

'ကိစ္စကတော့ သိပ္ပံပညာတွေ ဘယ်လိုပဲ တိုးတက တက် အစားထိုးကုသလို့မရနိုင်သေးတဲ့ ကျွန်တော့်ရဲ့အသည်းကွဲ ရောဂါကိစ္စပဲ ဓာခြည်'

'အဲဒီကိစ္စကို ကျွန်မ စဉ်းစားလို့မရသေးဘူး၊ ကိုအောင် ကိုသက်က ကျွန်မချစ်သူ ကိုရဲရဲ့ သူငယ်ချင်းဆိုတော့ ပိုဆိုးတာပေါ့၊ ကျွန်မ စိတ်ကလိပ်ပြာမလုံဘူး'

'ဒါတွေ တွေးမနေပါနဲ့တော့၊ သေတဲ့သူလည်း သေ သွားပြီပဲ ဓာခြည်ရယ်'

'ဟုတ်တယ်၊ ဒါပေမဲ့ ကျွန်မ စိတ်ထဲကတော့ အခုချိန် ထိ ကိုရဲကို သေသွားပြီလို့ မထင်သေးဘူး'

'သေသွားပြီလို့ မထင်သေးဘူး ဟုတ်လား ဓာခြည်'

ဓာခြည့်ရဲ့ စကားကြောင့် အောင်ကိုသက်မျက်နှာ ချက် ချင်း အရောင်ပြောင်းလဲသွားတယ်။

'ဟုတ်တယ် ကိုအောင်ကိုသက်၊ မယုံရင်ကြည့်လိုက်၊ ကျွန်မအစ်ကို မင်္ဂလာပွဲတုန်းက အမှတ်တရရိုက်ထားတဲ့



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ပုံလေ၊ ဟောဟိုမှာ…'

ရုတ်တရက် ဓာခြည်က နံရံပေါ်မှာ ဆွဲချိတ်ထားတဲ့ ဓာခြည်ရယ်၊ နိုင်ကျော်စွာရယ်၊ ယွန်းဝတီရယ်၊ ကိုရဲရယ် လေးယောက်တွဲဓာတ်ပုံကို မေးဆတ်ပြလိုက်တယ်။ အောင်ကိုသက် မျက်လုံးအကြည့်က ဖျတ်ခနဲ နံရံပေါ်မှာ ဆွဲချိတ်ထားတဲ့ ဓာတ်ပုံဆီကို စူးစူးစိုက်စိုက်ရောက်သွားတယ်။

အောင်ကိုသက်ရဲ့ အမြင်ထဲမှာတော့ သွားတွေကိုတင်းတင်းစေ့ထားတဲ့ ဦးခေါင်းခွံကြီးနဲ့ အသားအဆီမရှိဘဲ အထဲချိုင့်ဝင်နေတဲ့ မေးရိုးငေါငေါကြီး အခေါင်းပေါက်မျက်လုံးကြီးအဖြစ်ကို ကိုရဲမျက်နှာက ချက်ချင်းပြောင်းလဲသွားတာကို တွေ့လိုက်ရတယ်။

'ဟာ… ဟင်… ဓာတ်ပုံကြီးထဲက ကိုရဲမျက်နှာကြီးက ကြောက်စရာကောင်းလိုက်တာ'

အောင်ကိုသက်က ဓာတ်ပုံထဲက ကိုရဲမျက်နှာကိုကြည့်ရင်း အံ့ဩတုန်လှုပ်ထိတ်လန့်စွာနဲ့ အော်ပြောတယ်။ ဓာခြည်က ဓာတ်ပုံကို မော့ကြည့်ကာမေးတယ်။



www.burmeseclassic.com

www.burmeseclassic.com


'ဘယ်မှာလဲ ကိုအောင်ကိုသက်'

'ခါတ်ပုံထဲမှာလေ၊ မတွေ့ဘူးလား၊ ကိုရဲ့မျက်နှာက ကြောက်စရာကောင်းတဲ့ ဦးခေါင်းရိုးကြီး ဖြစ်နေတာလေ'

'မတွေ့ဘူး၊ အဲဒီလို'

'ထားပါတော့ မတွေ့ရင်လည်း အဲဒီခါတ်ပုံကို တစ်ခုခုနဲ့ အုပ်ဖုံးထားလိုက်ပါလား ခါခြည်၊ ကျွန်တော် မကြည့်ရဲတော့လို့ပါ'

'မဟုတ်သေးပါဘူး၊ ကိုအောင်ကိုသက် စိတ်ချောက်ချားနေလို့ ဖြစ်မှာပါ၊

'မဟုတ်ပါဘူး၊ အဲ… အဲဒီလို မဟုတ်ဘူး၊ ကျွန်တော် ကြည့်လိုက်တိုင်း ကိုရဲ့မျက်နှာကြီးက ဦးခေါင်းခွံကြီးဖြစ်သွားလိုက်၊ နောက်ပြီး ခါတ်ပုံကြီးထဲက ကိုရဲ့ဟာ ဂဏာမငြိမ်နဲ့ လှုပ်လှုပ်ရှားရှားပြနေတယ်၊ ဟော… ဟော ကြည့်ပြောနေရင်း ပါးစပ်ထဲက လျှာကြီး ဖြည်းဖြည်းချင်းရှည်ထွက်ကျလာနေပြီ၊ လုပ်ပါဦး ခါခြည်၊ ကျွန်တော်


www.burmeseclassic.com

မနေရဲတော့ဘူး'

ပြောပြောဆိုဆို ကြောက်ရွံ့ထိတ်လန့်ပြီး ချက်ချင်းပဲ အောင်ကိုသက်က ဆတ်ခနဲထိုင်ရာက ထကာ အိမ်ထဲက ပြေး ထွက်သွားတော့တယ်။

ဓာခြည်က အောင်ကိုသက်ကိုကြည့်ရင်း ပြတ်ပြတ်သား သား စိတ်ထဲ ကောက်ချက်တစ်ခု ချက်လိုက်တယ်။

'အောင်ကိုသက်တော့ ရူးသွားပြီ'

* ♦ *



www.burmeseclassic.com

www.burmeseclassic.com

(၁၀)

ပြတင်းပေါက်ကို မှီရပ်ရင်း စာခြည်က ခြံထဲမှ ဖူးပွင့်ဝေ ဝေသည်နေတဲ့ သစ်ပင်တွေကို ကြည့်ငေးနေတယ်။ အစ်ကိုဖြစ်သူ နိုင်ကျော်စွာက စားပွဲမှာထိုင်ကာ စာအုပ်တစ်အုပ်ကို ဖတ်နေရင်း သူ့ညီမအကြောင်းတွေးတာ စိတ်မကောင်းဖြစ်ရင်း ရင်ထဲက ရေရွတ်လိုက်မိတယ်။

'ချစ်သူဆုံးရှုံးခံရတဲ့ ညီမလေးအဖြစ်ကလည်း သနား စရာပါလား'

ဒီအချိန်မှာပဲ ရုတ်တရက် လင်းနို့တစ်ကောင်ဟာ ဘယ်



www.burmeseclassic.com

www.burmeseclassic.com

က ဘယ်လိုအိမ်ထဲကို ဝင်လာမှန်းမသိဘဲ မြင်လိုက်ရတော့ နိုင်ကျော်စွာ အံ့ဩကာ အော်ပြောတယ်။

'ဟာ… လင်းနို့ကြီးဟေ့၊ ဒီမှာ…'

လင်းနို့ကြီးက နိုင်ကျော်စွာ မျက်နှာအရှေ့က တောင်ပံဖြန့်ကာ ဝေ့ဝဲရင်း ဓာခြည်ရှိရာကို ပျံသန်းသွားတယ်။

'လုပ်ပါဦး၊ လင်းနို့ကြီး ဓာခြည့်ဆီ လာနေပြီ'

ဓာခြည်က သူ့ရှေ့တည့်တည့်ကို ဝေ့ဝိုက်ပြန်လာတဲ့လင်းနို့ကြီးကိုကြည့်ရင်း ထိတ်လန့်တုန်လှုပ်နေတယ်။ လင်းနို့ကြီးက ဓာခြည့်မျက်နှာရှေ့နားက ဖြတ်ကာ နိုင်ကျော်စွာရှိရာဘက်ကို ပျံသွားပြန်တယ်။

ဒီမှာ နိုင်ကျော်စွာက စိတ်မရှည်နိုင်စွာနဲ့ လက်ထဲမှာရှိနေတဲ့ စာအုပ်နဲ့ လင်းနို့ကြီးကို လှမ်းပစ်ပေါက်လိုက်တယ်။ ဒါပေမဲ့ လင်းနို့ကြီးက မျက်နှာကျက်မှာနားနေတာကြောင့် ပစ်ချက်က လွဲချော်သွားတယ်။

ဒါနဲ့ ဓာခြည်နဲ့နိုင်ကျော်စွာက လင်းနို့ကြီး ကိုကြည့်ပြီး ဘာလုပ်လို့လုပ်ရမှန်းမသိ ဖြစ်နေကြတယ်။

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ခဏကြာတော့ လင်းနို့ကြီးက မျက်နှာကျက်မှာနားနေရာက ဖျတ်ခနဲ ဇာခြည်ရှိရာကို ပျံသန်းသွားပြန်တယ်။

'အောင်မလေး လုပ်ပါဦး၊ လင်းနို့ကြီး လာနေပြန်ပြီ'

ဇာခြည်က အလန့်တကြားအော်ရင်း လန့်ဖျပ်ကာ ခေါင်းကို ငုံ့တိမ်းရှောင်လိုက်တယ်။

'တစ်ခါမှ အိမ်ထဲကို ဒီလိုလင်းနို့ဝင်မလာဖူးပါဘူး'

နိုင်ကျော်စွာက လင်းနို့ကြီးကိုကြည့်ကာ အံ့သြဟန်နဲ့ ပြောတယ်။

'ဟုတ်တယ် အစ်ကိုနိုင်၊ ထူးထူးဆန်းဆန်း အခုမှ'

သူတို့မောင်နှမနှစ်ယောက် လင်းနို့ကြီး အိမ်ထဲဝင်လာတာနဲ့ ပတ်သက်ပြီး ပြောနေကြစဉ်မှာပဲ လင်းနို့ကြီးက ရုတ်တရက် ပျံဝဲလာရင်း သူတို့နှစ်ယောက် မျက်နှာကို ဖျတ်ခနဲ တောင်ပံနဲ့ ရိုက်ခတ်သွားတယ်။

'အား'

'အောင်မလေး'

သူတို့နှစ်ယောက် ထိတ်လန့်ကြောက်ရွံ့စွာ အော်ဟစ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ကြတယ်။ လင်းနို့ကြီးက မျက်နှာကျက်ကို တွယ်ကုတ်ထားရင်း သူတို့နှစ်ယောက်ကို ငုံ့ကြည့်နေတယ်။

'ဟာ… လင်းနို့မျက်နှာကြီးက တဖြည်းဖြည်းနဲ့ လူမျက်နှာလိုလို ပြောင်းလဲလာနေပြီ၊ ကြည့်စမ်း ဇာခြည်'

နိုင်ကျော်စွာက လင်းနို့မျက်နှာကို သေသေချာချာကြည့်ကာ ပြောတယ်။

'ဟုတ်တယ် အစ်ကိုနိုင်'

ဇာခြည်ကလည်း လင်းနို့မျက်နှာကို စူးစိုက်ကြည့်ရင်း နိုင်ကျော်စွာ စကားကို လက်ခံလိုက်တယ်။

'မျက်နှာကြီးက ဘယ်သူနဲ့တူလဲ၊ ကြည့်စမ်း သေသေချာချာ'

နိုင်ကျော်စွာ စကားကြောင့် ဇာခြည်က လင်းနို့ကြီးရဲ့ မျက်နှာကို စိုက်ကြည့်ကာ အံ့သြထူးဆန်းသလိုပြောတယ်။

'ကိုရဲ့ မျက်နှာနဲ့ တူသလိုလိုပဲ'

စကားအဆုံးမှာ လင်းနို့ကြီးက မျက်နှာကျက်ပေါ် ကုတ်တွယ်ထားရာက ဖျတ်ခနဲ ပျံကာ ပြတင်းပေါက်က ထွက်သွား



www.burmeseclassic.com

www.burmeseclassic.com



တယ်။ နိုင်ကျော်စွာနဲ့ ဇာခြည်က ကမန်းကတန်းနဲ့ လင်းနို့ကြီး ပျံထွက်သွားရာပြတင်းပေါက်ကနေ လှမ်းကြည့်လိုက်တော့ ဘာမှ မမြင်တွေ့ရတော့ဘူး။

သူတို့မောင်နှမနှစ်ယောက်လည်း ဘာပြောလို့ပြောရမှန်း မသိဘဲ ကြောင်စီစီနဲ့ ငြိမ်သက်တိတ်ဆိတ်နေကြတော့တယ်။

* ◆ *



www.burmeseclassic.com

www.burmeseclassic.com

(၁၁)

'ဓာတ်ပုံထဲက နင့်မျက်နှာလေးကိုကြည့်ပြီး ငါ့အချစ်စိတ်တွေကို နှလုံးသားအရေပြားပေါ်က ဘယ်လိုမှ ခွာချပစ်လို့ မရတော့ဘူး ဇာခြည်'

အောင်ကိုသက်က ကိုရဲဆီမှ ရအောင်ကြံစည်ယူထားတဲ့ ဇာခြည့်ဓာတ်ပုံလေးကို တစိမ့်စိမ့်ကြည့်ကာ စိတ်ကူးတွေးလေး တစ်ခုကို စိုက်ပျိုးလိုက်တယ်။ ရွှေလိုအိဝင်းနေ ၇ဲ့ ဇာခြည်ရဲ့ အသားအရေ၊ ရွှန်းစိုနေတဲ့ မျက်လုံးနက်နက် နှုတ်ခမ်းနီနီရဲရဲလေး နှာတံသွယ်သွယ်လေး နှင့် ဆံပင်ရှည်ရှည်တွေ အားလုံး ... အနုပညာပဇ္စည်းဆန်နေသလို။



www.burmeseclassic.com

www.burmeseclassic.com



အောင်ကိုသက် အချစ်စိတ်ကို နှိုးထအောင်လည်း ဆွဲဆောင်ဖန်တီးနိုင်စွမ်းရှိနေတယ်။

'အို… လှရက်လိုက်တာ ဇာခြည်ရယ်'

အောင်ကိုသက်က ဇာခြည့်ဓာတ်ပုံလေးကို အမြတ်တနိုးကြည့်ရင်း ရင်ထဲက တီးတိုးရေရွတ်လိုက်မိတယ်။

အဲဒီလို ကြည့်နေရင်းမှာပဲ ဇာခြည်ရဲ့ မျက်လုံးနက်နက်လေးတွေက တဖျတ်ဖျတ်နဲ့ လှုပ်ရှားလာတယ်။ နှုတ်ခမ်းလေးကလည်း ပွင့်ဟလာရင်း တဖြည်းဖြည်းနဲ့ ဓာတ်ပုံထဲက ဇာခြည်မျက်နှာက ရုတ်တရက် ပြောင်းလဲသွားတယ်။

'ဟင်… ဘယ်လိုကြီးလဲ၊ ဓာတ်ပုံထဲက ဇာခြည့်မျက်နှာက တစ်မျိုးကြီးဖြစ်သွားပါလား၊ ငါ့စိတ်ထဲက ထင်နေလို့ပဲလား၊ တကယ်ဖြစ်ပျက်နေတာပဲလား'

အောင်ကိုသက်က ဓာတ်ပုံကို ကြည့်ရင်း စိတ်လှုပ်ရှားစွာနဲ့ သူ့ကိုယ်သူ မယုံသင်္ကာဖြစ်ကာ မျက်လုံးကို လက်နဲ့ပွတ်သက်ပြီး ထပ်ကြည့်ပြန်တယ်။

'ဟာ… ဘယ်လိုဖြစ်သွားရတာလဲ၊ ဇာခြည့်မျက်နှာက



www.burmeseclassic.com

www.burmeseclassic.com



ဟင်… အဲ… ဟာ… တဖြည်းဖြည်းနဲ့ ခါခြည့်မျက်နှာ မဟုတ်တော့ဘူး၊ ဒါ… ငရဲမျက်နှာကြီးများပဲလား၊ ဟုတ်တယ်၊ ကိုရဲရဲ့မျက်နှာကြီး၊ မျက်နှာကြီး'

အောင်ကိုသက်က ဓာတ်ပုံကို ကြည့်ရင်း မျက်လုံးပြူး မျက်ဆံပြူးဖြစ်နေချိန်မှာပဲ ဓာတ်ပုံထဲက ကိုရဲမျက်နှာကလည်း ချက်ချင်းပဲ ကြောက်လန့်စရာကောင်းလောက်အောင် မျက်လုံးကြီး တွေက ပြူးထွက်ခေါက်ပလာပြီး မညီမညာတဲ့ သွားကြီးတွေက လည်း ပါးစပ်အစွန်းနှစ်ဖက်က ရှည်ထွက်လာတယ်။

'အား… ကြောက်စရာကြီး'

ထိတ်ထိတ်လန့်လန့် ကြောက်ကြောက်ရွံ့ရွံ့နဲ့ ပြောရင်း ဓာတ်ပုံကိုလက်ထဲက ယောင်ရမ်းပြီး အောက်ကို လွှတ်ချပစ်လိုက် တယ်။

'ဘာလို့ ဒီလောက်တောင် ကြောက်နေရတာလဲ အောင် ကိုသက်၊ မင်းက ငါ့အချစ်ကို လုယူဖို့ ကြံစည်ကြိုးစား ပေမယ့် ခါခြည်ရဲ့အချစ်က မင်းကို အခုလိုရှောင်ခွာ နေမှာပဲ၊ အဲဒါ ငါ့ရဲ့သွေးဆောင်မှုတစ်ခုဆိုတာ မှတ်ထား



www.burmeseclassic.com

www.burmeseclassic.com



လိုက် အောင်ကိုသက်'

ခါတ်ပုံထဲကနေပြီး ပြောလိုက်တဲ့အသံကို အောင်ကို သက် ကြားလိုက်ရသလို မကောင်းဆိုးဝါး တစ္ဆေသရဲတစ်ကောင် ရဲ့ သွေးဆောင်ခြောက်လှန့်မှုလို့လည်း သိလိုက်ရတယ်။

ဒါနဲ့ အောင်ကိုသက်က အင်္ကျီအိတ်ထဲက ဂက်စ်မီးခြစ် ကို ကပျာကယာထုတ်ယူလိုက်ပြီး ကြောက်ရွံ့တုန်လှုပ်စွာနဲ့ ခါတ် ပုံကို မီးရှို့ပစ်ဖို့ စိတ်ထဲက ကြံစည်လိုက်တယ်။

'ဒါ... မကောင်းဆိုးဝါး တစ်ကောင်ရဲ့ သွေးဆောင် ခြောက်လှန့်မှုပဲ ...တ်လား၊ တွေ့ကြသေးတာပေါ့၊ ဒီ တော့...'

ပြောကာ မီးခြစ်ကို ထောက်ခနဲ ခြစ်လိုက်တယ်။ ခါတ် ပုံကို မီးနဲ့ရှို့မယ်လုပ်တော့ မြင်တွေ့ကြုံနေရတဲ့ ခါတ်ပုံထဲက ကိုရဲမျက်နှာဟာ ဖျတ်ခနဲပြောင်းလဲသွားပြီး ဇာခြည့်မျက်နှာ ပြန် ဖြစ်သွားတယ်။

'ဟာ... ...င်... ဇာခြည့်ခါတ်ပုံ ပြန်ဖြစ်သွားပြန်ပြီ'

... ...ခြည့်ကာ ဇာခြည်မျက်နှာလေးကို နှမြော



www.burmeseclassic.com

www.burmeseclassic.com



တာသဖြစ်ကာ မီးမရှို့ဖြစ်တော့ဘူး။

ခဏကြာတော့ ကြည့်နေရင်းမှာပဲ ဓာတ်ပုံထဲက ဇာခြည့် မျက်နှာကို ပြောင်းလဲသွားပြန်ရော…

'ဟာ… ဘယ်လိုမျက်နှာမျိုးကြီး ဖြစ်သွားပြန်ပြီလဲ မသိဘူး'

ဓာတ်ပုံကိုကြည့်ရင်း အောင်ကိုသက် ထိတ်လန့်တုန် လှုပ်သွားပြန်တယ်။

'မင်းသူငယ်ချင်း ငရဲလေကွာ၊ မသိတော့ဘူးလား၊ ဟား… ဟား… ဟား…'

ရယ်သံ ဩဩကြီးက ရုတ်တရက် ဓာတ်ပုံထဲက ထွက် လာပြန်တယ်။ အောင်ကိုသက် ဘာလုပ်ရမှန်းမသိတော့ ြ ကြောက်စိတ်ကြောင့် ချောက်ချောက်ချားချား ဖြစ်ကာ တစ်ကိုယ် လုံး တုန်လှုပ်လာတယ်။

'ဘာလုပ်နေတာလဲ အောင်ကိုသက်၊ စောစောကလ ဓာတ်ပုံကို မီးရှို့မပစ်ကော့ဘူးလား၊ မီးရှို့ပစ်လိုက်စမ် ပါကွ၊ ဒါမှ ငါ့ချစ်သူဇာခြည့်မျက်နှာကို မင်း



www.burmeseclassic.com

www.burmeseclassic.com



မရတော့မှာ၊ ဟီး… ဟီး… ဟီး…'

ကြားရတဲ့အသံကြောင့် အောင်ကိုသက် စိတ်ထဲမှာ တွေဝေငိုင်သွားတယ်။

'ဒီလိုဖြစ်ရတာဟာ ငါ့ဦးနှောက်က ငါ့မျက်စိလှည့်စားနေတာပဲဖြစ်ရမယ်၊ ဒီတော့ ဒီဓာတ်ပုံနဲ့ ဘာမှမဆိုင်ဘူး'

ချောက်ချားနေတဲ့ စိတ်ကို အောင်ကိုသက်က တည်ငြိမ်အောင် ချုပ်ထိန်းရင်း ဓာတ်ပုံကို တစ်ခါထပ်ကြည့်ပြန်တယ်။ ဒီမှာ ဓာတ်ပုံထဲက ဇာခြည်ရဲ့မျက်နှာလှလှလေးဟာ…

* ♦ *



www.burmeseclassic.com

www.burmeseclassic.com

(၁၂)

'အောင်ကိုသက်ကို ဘယ်လိုအဖြေပေးမယ်လို့ စဉ်းစားထားလဲ ဇာခြည်'

ညှို့ခန်းထဲ ရောက်ရောက်ချင်း အစ်ကိုနိုင်ကျော်စွာက မေးတယ်။ ဇာခြည်က ဆိုဖာခုံတစ်ခုမှာ ဆတ်ခနဲထိုင်ရင်းပြောတယ်။

'စဉ်းစားနေတုန်းပဲ အစ်ကိုနိုင်၊ အဲဒီလို စဉ်းစားနေရတာကလည်း ကိုရဲနဲ့ ပတ်သက်ပြီး သူ့ကိုဒေါသဖြစ်နေတုန်းမို့ပါ'



www.burmeseclassic.com

www.burmeseclassic.com



'အစ်ကိုလည်း ကိုရဲသေရတာနဲ့ ပတ်သက်ပြီး သူ့ကို သံသယဖြစ်နေမိတာ အမှန်ပဲ'

'ဟုတ်တယ်၊ အစ်ကိုနိုင်ပြောတာ၊ ဘာလို့လဲဆိုတော့ ကိုရဲ မသေခင်ကတည်းက သူဟာ သူငယ်ချင်းရဲ့မျက်နှာမှ မထောက်ထားဘဲ ဇာခြည့်ကို ချစ်ရေးခဏခဏ ဆိုခဲ့ဖူးတယ်၊ အဲဒီအကြောင်းကိုတော့ ကိုရဲကို ပြန်မပြောပြခဲ့ဘူး၊ ပြောလိုက်ရင်လည်း သူတို့သူငယ်ချင်းချင်း ပြဿနာဖြစ်မှာ အမှန်းပွားကြမှာ စိုးလို့၊ ဒီမှာ သူက ပိုပြီးဆိုးတော့တာပေါ့၊ နောက်ပြီး ကိုရဲရှိနေရင် သူ့အချစ်ကို ဇာခြည်က လက်မခံဘဲ အခုလို ဖြစ်နေမှာစိုးလို့ ကိုရဲကို သူ ကြံစည်လုပ်ကြံလိုက်တာပဲလို့ စိတ်ထဲက ထင်တွေးပြီး သံသယဖြစ်နေမိလို့ သူ့ကို အဖြေမပေးသေးဘဲ စဉ်းစားနေမိတာပဲ အစ်ကိုနိုင်'

'ဇာခြည်ပြောတာလည်း ဟုတ်ပါတယ်၊ ဒါပေမဲ့ အစ်ကိုနိုင်က ကိုရဲစိတ်ကြောင့် ခံစားနေရတဲ့ သောကတွေကို ပြေပျောက်အောင် ဖြည့်စွက်ဖို့အတွက် စဉ်းစားမိလို့



www.burmeseclassic.com

www.burmeseclassic.com



ဇာခြည်ကို ပြောတာပါ၊ အခုလို

ပြောရင်း နိုင်ကျော်စွာက သက်ပြင်းရှည်ကြီးကိုချတယ်။ ဒီအခိုက်မှာပဲ ဇာခြည်ရဲ့မျက်လုံးတွေက ဂဏှာမငြိမ်ဖြစ်နေသလို မျက်နှာကလည်း ဖြူဖပ်ဖြူရော်ဖြစ်သွားပြီး

'ဟယ်… ဟင်… ဟို… ဟိုမှာ… အစ်ကိုနိုင်'

အထိတ်တလန့်နဲ့ ဇာခြည့်အသံကလည်း တုန်တုန်ရီရီ ထွက်ပေါ်လာတယ်။

'ဘာလဲ ဇာခြည်'

နိုင်ကျော်စွာက ဇာခြည်ညွှန်ပြရာကို အံ့သြသလိုနဲ့ အတင်ခတ်ကြည့်တယ်။ ဇာခြည်က တွေတွေလေး ကြည့်ငေးနေရင်းက ပြန်ပြောတယ်။

'ဟို… ဟိုမှာလေ၊ အပေါက်ဝကနေ ကိုရဲ့ ဇာခြည့်ကို လက်ယက်လှမ်းခေါ်နေတယ်'

'ဘယ်မှာလဲ၊ အစ်ကိုနိုင်လည်း မမြင်တွေ့ပါလား'

ဇာခြည့်စကားကြောင့် နိုင်ကျော်စွာ ခပ်ကြောင်ကြောင် ဖြစ်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ် အစ်ကိုနိုင်၊ ဓာခြည့်ကို ကိုရဲလာခေါ်နေပြီ၊ ဓာခြည်လိုက်သွားတော့မယ်၊ ကိုရဲနောက်ကို'

ပြောပြောဆိုဆို ဓာခြည်က ဝုန်းခနဲ ထိုင်နေရာကထလိုက်တော့ နိုင်ကျော်စွာက ကမန်းကတန်းနဲ့ ဓာခြည့်လက်ကို ဖမ်းဆုပ်ဆွဲထားတယ်။

'ဘယ်မှာလဲ ကိုရဲ၊ မဟုတ်တာတွေ ပြောမနေနဲ့၊ ဓာခြည်ပြောသလို အစ်ကိုနိုင်တော့ ဘာမှမတွေ့ဘူး၊ သေသေချာချာကြည့်ပါဦး ဓာခြည်'

'အစ်ကိုနိုင်က ဓာခြည်ပြောနေတာကို မယုံဘူး၊ ဟောဟိုမှာ တွေ့လား၊ လက်ယပ်လှမ်းခေါ်နေပြန်ပြီ၊ ဓာခြည်လိုက်သွားပါရစေ၊ ဆွဲမထားပါနဲ့တော့ အစ်ကိုနိုင်'

'ဘာတွေလျှောက်ပြောနေတာလဲ ဓာခြည်ရယ်၊ အစ်ကိုနိုင်တော့ ဘာမှကို နားမလည်နိုင်တော့ဘူး'

နိုင်ကျော်စွာက လှုပ်လှုပ်ရှားရှားဖြစ်နေတဲ့ ဓာခြည့် အမူအရာကိုကြည့်ရင်း စိတ်ရှုပ်ထွေးစွာနဲ့ ပြောတယ်။

'ဓာခြည် ပြောနေတာ အမှန်တွေချည်းပဲ အစ်ကိုနိုင်၊



www.burmeseclassic.com

www.burmeseclassic.com



ဇာခြည့်ကိုလွှတ်ပါ၊ ဆွဲမထားပါနဲ့၊ ဇာခြည်သွားပါရစေ၊ ကိုရဲ စောင့်နေတယ်၊ ဟိုမှာ…'

'ပြဿနာပါလား ဇာခြည်ရယ်၊ ဘာလုပ်ရမှန်းလည်း မသိတော့ဘူး၊ စိတ်ရှုပ်လိုက်တာ'

'ဒါဆို ဇာခြည့်ကို ဆွဲမထားပါနဲ့၊ လွှတ်ပေးပါတော့၊ ဇာခြည်သွားပါရစေ'

ဇာခြည်က ဖမ်းဆုပ်ထားတဲ့ နိုင်ကျော်စွာလက်ကို ရုန်းဖယ်ရင်းပြောတယ်။

'အဲ… ဒါဖြင့် ကိုရဲကို လှမ်းခေါ်လိုက်လေ'

နိုင်ကျော်စွာက စိတ်ပျက်နေပြီ။

'ကိုရဲ ဝင်လာခဲ့လေ'

ဇာခြည်က အဲဒီလိုလှမ်းခေါ်လိုက်စဉ်မှာပဲ လှစ်ခနဲ အရိပ်တစ်ခုက ညေ့ခန်းထဲ ဝင်ရောက်လာတယ်။

'ဟိတ်… ဒီမောင်နှမနှစ်ယောက် ဘာတွေပြောနေကြတာလဲ'

ထိတ်လန့်တကြားနဲ့ အသံလာရာဆီကို ငြိုင်တူမျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



မော့ကြည့်မိကြတယ်။ ပြီးတော့မှ နှစ်ယောက်သား ပြိုင်တူ အသံထွက်သွားကြတော့တယ်။

'ယွန်းဝတီ'

ဒီမှာ ယွန်းဝတီက နိုင်ကျော်စွာနဲ့ ဇာခြည့်ကိုကြည့်ကာ ကြောင်အမ်းအမ်းဖြစ်နေတယ်။

ဒီမှာ ဇာခြည့်ရဲ့မျက်နှာအရောင်က ပြောင်းလဲသွားတယ်။

ဒီမှာ နိုင်ကျော်စွာက သက်ပြင်းသဲ့သဲ့ရှိုက်ချတယ်။

အဲဒါနဲ့ပဲ အားလုံးဟာ လှုပ်ရှားမှုကင်းမဲ့သွားကြတော့တယ်။

* ♦ *



www.burmeseclassic.com

www.burmeseclassic.com

(၁၃)

အောင်ကိုသက်က သူ့သေနတ်ပြောင်းကို ပွတ်တိုက်ချုတ်နေရင်း အတွေးတစ်ခုက ဖျတ်ခနဲ အာရုံထဲ လွင့်ကြွေကျလာတယ်။

ပစ်မှတ်တစ်ခုဆီကို သေနတ်နဲ့ သေသေချာချာ ချိန်ပြီး ခလုတ်ကိုလက်ညှိုးနဲ့ တော့ကာ ဖြုတ်ချလိုက်ရင် သွားပြီ၊ ပစ်မှတ်ကို ဘယ်တော့မှ မလွဲဘူး။ အောင်ကိုသက်က အဲဒီလောက်ထိ လက်ဖြောင့်တယ်။



www.burmeseclassic.com

www.burmeseclassic.com



'ဓာခြည်'

အံသံမှျင်းမှျင်းလေးနဲ့ ရေရွတ်ရင်း သေနတ်ကိုင်ကာ သူ ငိုင်နေတယ်။

'ဓာခြည် နင်ဟာ ငါ့နှလုံးသားရဲ့ ပစ်မှတ်တစ်ခုပဲ၊ ဒီတော့ ငါ့ပစ်မှတ်ထဲရောက်လာနေတဲ့ နင့်ကို ဘယ်တော့မှ ဆုံးရှုံး လက်လွှတ်မခံနိုင်ဘူး ဓာခြည်'

အဲဒီလိုတွေးရင်း အောင်ကိုသက်က သူ့ဘာသာသူ သဘောကျပြီး ဟက်ဟက်ပက်ပက် ရယ်နေတယ်။

'ဟား... ဟား... ဟား...'

အောင်ကိုသက် ရယ်သံကြောင့် ဓာခြည်က အနည်းငယ် တုန်လှုပ်ကာ သူ့မျက်နှာကို မျက်မှောင်ကုတ်ကြည့်ရင်းမေးတယ်။

'ဘာရယ်တာလဲ ကိုအောင်ကိုသက်'

'ကျွန်တော့်ဘာသာတွေးပြီး သဘောကျလွန်းလို့ ရယ်မိတာပါ၊ ဓာခြည် စိတ်အနှောင့်အယှက်ဖြစ်သွားရင် တောင်းပန်ပါတယ်'

'မဖြစ်ပါဘူး၊ ဘာလို့ ကိုအောင်ကိုသက် ရယ်နေလဲဆို



www.burmeseclassic.com

www.burmeseclassic.com



တာ သိချင်လို့ပါ"

"အဲဒါလား၊ ကျွန်တော်ဟာ တစ်ရံတစ်ခါ တောပစ်ထွက်ရင် ကျွန်တော့်ပစ်မှတ်ထဲရောက်နေတဲ့ သားကောင်ကို ဘယ်တော့မှ လက်လွှတ်ဆုံးရှုံးမခံဘူး၊ မရရတဲ့နည်းနဲ့ သားကောင်ကိုရအောင် ပစ်ဖမ်းနိုင်ခဲ့တယ်၊ အခု ဇာခြည်ကလည်း ကျွန်တော့် နှလုံးသားရဲ့ ပစ်မှတ်တစ်ခုဖြစ်နေပြီဆိုတော့ ဟင်း… ဟင်း… ဟင်း…"

ရယ်ကျဲကျဲနဲ့ ပြောလိုက်တဲ့ အသံကြောင့် ဇာခြည်က ဖျတ်ခနဲ အောင်ကိုသက်မျက်နှာအမူအရာကို မော့ကြည့်တယ်။

"ဘာလဲ ကျွန်မကိုလည်း ရှင့်အချစ်အတွက်ရဲ့ သားကောင်အဖြစ် ဆုံးရှုံးလက်လွှတ်မခံနိုင်ဘူးလို့ ပြောမလို့ မဟုတ်လား"

ဇာခြည်က ပြုံးမဲ့မဲ့လေးမဲ့ကာ ပြောတယ်။ အောင်ကိုသက်က ဘာမှပြန်မပြောသေးဘဲ ရုတ်တရက်…

"ဖြောင်း" ခနဲ အသံမြည်အောင် သေနတ်မောင်းကို ဆွဲတင်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



'တွေ့လား ဇာခြည်၊ ကျွန်တော်က ဆရာမင်းသွေးရေးတဲ့ ဓားဝတ္ထုထဲကလိုပဲ ဓားအိမ်ထဲက ဓားကိုဆွဲထုတ်ပြီးရင် တစ်ခုခုကို ခုတ်ထစ်ပစ်ရမှကျေနပ်တာမျိုး၊ ကျွန်တော်က လည်း သေနတ်ကို မောင်းတင်ပြီးရင် တစ်ခုခု တစ်ယောက်ယောက်ကို ပစ်ရမှ ကျေနပ်တာ ဇာခြည်၊ ဒီတော့…'

စကားကိုဖြတ်ပြီး အောင်ကိုသက်က ဇာခြည့်ကို မျက်ခုံးပင့်ကြည့်တယ်။

'ပြောပါ၊ နားထောင်နေပါတယ်'

'ဒီတော့ ဇာခြည့်ကိုတစ်ခုမေးမယ်'

'မေးလေ၊ ဘာမေးမှာလဲ'

'ကိုရဲကို ဇာခြည် ချစ်နေတုန်း၊ မျှော်လင့်နေတုန်းပဲလား'

'ကိုအောင်ကိုသက်က ဘယ်လိုထင်နေလို့လဲ'

'မသိလို့မေးတာ၊ အဲဒါ…'

'နှလုံးသားမှာ စူးနစ်ဖူးတဲ့ ဆူးတစ်ချောင်းကို နုတ်ပဲ ပစ်ပစ် တွင်လို့ပဲပစ်ပစ် ဒဏ်ရာအမာရွတ်ကတော့ ကျန်



www.burmeseclassic.com

www.burmeseclassic.com



ရစ်ခဲ့သေးတာပေါ့ ကိုအောင်ကိုသက်ရယ်၊ မဟုတ်လား ကျွန်မ ပြောတာ'

'ဒါက စာခြည့်ရဲ့စိတ်ခံစားမှု စွဲလန်းမှုပါ၊ တကယ်တော့ မက်ပြီးအိပ်မက်က ထပ်ပြီး မမက်နိုင်တော့သလို ကြွေပြီးတဲ့ သစ်ရွက်ကလည်း ပြန်မဆက်နိုင်တော့သလို သေပြီးတဲ့ လူတစ်ယောက်ကလည်း ပြန်ရှင်မလာနိုင်တော့ပါဘူး စာခြည်၊ ဒီတော့ ကျွန်တော့်အချစ်ကို ဘယ်လိုဆုံးဖြတ်မလဲ ဆိုတာ သိချင်တယ်၊ အဲဒါပဲ ပြော… စာခြည်၊ ကျွန်တော့် နှလုံးသားကို ဒီထက်ပိုပြီး နှိပ်စက်ညှင်းပန်းမထား ပါနဲ့တော့၊ ကျွန်တော် မခံစားနိုင်တော့ဘူး'

'ဒီလိုမှမဟုတ်ဘူးဆိုရင်တော့ စာခြည့်ကို ဒီအတိုင်း မထားနိုင်တော့ဘူး၊ စာခြည်စွဲလန်းတန်ဖိုးထားနေတဲ့ စာခြည့်ချစ် သူ ငရဲရှိရာကို တစ်ခါတည်း ကျွန်တော် အရောက်ပို့ပေးရလိမ့်မယ်၊ နောက်ဆုံးပြောတာပဲ၊ ဒီ စကားက ကျွန်တော့်အတွက် ဘယ်လို ဆုံးဖြတ်ပေးမလဲ၊ ပြော'



www.burmeseclassic.com

www.burmeseclassic.com



ပြောရင်း အောင်ကိုသက်က မကောင်းဆိုးဝါးတစ်ကောင် ဝင်ပူးကပ်သွေးဆောင်နေသလို ဇာခြည်ရဲ့ ရင်အုံတည့်တည့်ကို သေနတ်နဲ့ သေသေချာချာ ချိန်ရင်း ခလုတ်ကို လက်ညှိုးနဲ့ 'တေ့'ထားတယ်။

'ကျွန်မရဲ့ ဆုံးဖြတ်ချက်ကတော့ ကိုအောင်ကိုသက် မျှော်လင့်ထားသလို ဖြစ်လာမှာမဟုတ်ဘူး၊ ဒီတော့ ကိုအောင်ကိုသက် စောစောကပြောသလို ကျွန်မချစ်သူ ကိုရဲရှိရာကိုသာ ပို့ပေးလိုက်ပါ'

ဇာခြည်ရဲ့ စကားအဆုံးမှာ အောင်ကိုသက် နဖူးကြောရှုံ့သွားတယ်။ သူ့ထက်ထဲက သေနတ်ကို ငုံ့ကြည့်ပြီး ခလုတ်ကို လက်ညှိုးတေ့ဖြုတ်မယ်လုပ်တော့…

'ဟိတ်… ရပ်… မပစ်နဲ့'

တားဆီးသံတစ်ခုက ရုတ်တရက် ထွက်ပေါ်လာတယ်။ အသံထွက်ပေါ်လာရာဆီကို ဇာခြည်နဲ့ အောင်ကိုသက်က ဖျတ်ခနဲ လှည့်ကြည့်လိုက်ကြစဉ်မှာပဲ လက်ပြပြန့်တားပြီး ခြစ်ရပ်ကြည့်နေတဲ့ နံရံပေါ်က ဗိညာဉ်ရိပ်ကြီးတစ်ခုကို ထိတ်လန့်အံ့သြ



www.burmeseclassic.com

www.burmeseclassic.com



စရာကောင်းအောင် တွေ့လိုက်ရတယ်။

'ဟာ… ဒါ… ဘယ်သူ့အရိပ်ကြီးလဲ'

အောင်ကိုသက်က ကြည့်ရင်း စိတ်လှုပ်ရှားသွားတယ်။ ကြည့်ရင်း ကြည့်ရင်း အရိပ်ကြီးက တဖြည်းဖြည်းနဲ့ နံရံပေါ်မှ ကျယ်ပြန့်ရှားလျားလာတယ်။

ဓာခြည်က မျက်လုံးဝိုင်းဝိုင်းလေးနဲ့ ငြိမ်သက်စွာကြည့်ရင်း တစ်ကိုယ်လုံးတုန်လှုပ်နေတယ်။ အောင်ကိုသက်က ဓာခြည့်ကို ချိန်ထားတဲ့ သေနတ်ပြောင်းဝကို အရိပ်ကြီးဆီ ပြောင်းချိန်လိုက်တယ်။ အရိပ်ကြီးက နံရံပေါ်ကနေခွာပြီး သူတို့ရှေ့တည့်တည့်ကို ရောက်လာတယ်။

'ဟိုက်… အရိပ်ကြီးလာနေပြီ'

'ဟင်… ဘယ်လိုလုပ်ရပါ့မလဲ'

အောင်ကိုသက်ရော ဓာခြည်ရော မျက်လုံးပြူးကာ ဘာလုပ်ရမှန်းမသိ ဖြစ်နေချိန်မှာပဲ အောင်ကိုသက်က မထူးတော့ဘူးဆိုပြီး ကြောက်ကြောက်လန့်လန့်နဲ့ သေနတ်ခလုတ်ကို ဖြုတ်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



'ဒိုင်း'

အရိပ်ကြီးကို ထိသွားလား။ မထိဘူးလား။ သူမသိဘူး။ သိချင်စိတ်စောပြီး ကပျာကယာ မျက်လုံးဖွင့်ကြည့်လိုက်တော့ အရိပ်ကြီးကိုလည်း မမြင်ရတော့ဘူး။ ဓါးခြည်လည်း သူ့ဘေးနား မှာ မရှိတော့ဘူး။ ဒီတော့မှ သူ့အဖြစ်ကို သူသေသေချာချာ သိခွင့်ရလိုက်တော့တယ်။

'ဩော်… အိပ်မက်မက်နေတာပါလား'

* ♦ *



www.burmeseclassic.com

www.burmeseclassic.com

## (၁၄)

ယွန်းဝတီက မီးဖိုခန်းထဲမှာ ဟင်းချက်နေရင်း တစ်ယောက်တည်း ပျင်းသလိုလိုရှိတာနဲ့ သီချင်းတစ်ပိုင်းတစ်စကို ဘာရယ်မဟုတ် ညည်းလိုက်တယ်။

'ဝက်သားတုံးကြီး လက်သီးဆုပ်သဏ္ဍာန်'

'မှန်သလေ့၊ စားမယ်ဟေ့၊ အေ့... အေ့... ဝါး...'

မထင်မှတ်ဘဲ ဟင်းအိုးထဲကနေ အသံကထွက်လာတယ်။ ဟင်းအိုးပွက်သံများလား။ စိတ်ထဲကပဲ ထင်လိုက်မိတာလား။ ယွန်းဝတီ ဝေခွဲမရနဲ့ အံ့ဩသလို ဖြစ်နေတယ်။ ဒါနဲ့ ယွန်းဝတီက အသေအချာသိရအောင် သီချင်းကို ထပ်ပြန်ဆိုကြည့်တယ်။



www.burmeseclassic.com

www.burmeseclassic.com



'ဝက်သားတုံးကြီး လက်သီးဆုပ်သဏ္ဍာန်'

'မွှန်သဟေ့၊ စားမယ်ဟေ့၊ အေ့··· အေ့··· ဝါး···'

သီချင်းပိုဒ်အဆုံးမှာ စောစောကလိုပဲ ဟင်းအိုးထဲက အသံထွက်လာပြန်တယ်။

ဟင်းအိုးကိုကြည့်ရင်း ယွန်းဝတီမျက်လုံး ပြူးနေပြီ။

နိုင်ကျော်စွာနဲ့ ဇာခြည်မျှား နောက်နေတာလားဆိုပြီး အပြင်ဘက်ကို တစ်ချက်လှမ်းကြည့်ဖြစ်သေးတယ်။

ဘာမှမထူး ခြားဘူး။

သူတို့နဲ့တူတဲ့ အရိပ်အရောင်တောင် မမြင်ရ မတွေ့ရဘူး။

ဒါဆို ဘယ်လိုဖြစ်တာပါလိမ့်။

ယွန်းဝတီ စဉ်းစားမရဖြစ်ပြီး အလိုလိုကြောက်စိတ်က တစ်ကိုယ်လုံး စိမ့်ပျံ့လာတယ်။ ဟင်းအိုးထဲက ဝက်သားတုံးတွေဟာလည်း တဖြည်းဖြည်းချင်း သီချင်းထဲကအတိုင်း လက်သီးဆုပ်လောက် ကြီးကြီးလာတာကို သူ တအံ့တဩ မြင်တွေ့လိုက်ရတော့ ကြောက်လန့်တကြား တုန်လှုပ်သွားတယ်။

॥



www.burmeseclassic.com

www.burmeseclassic.com



'ဟိုက်… ဟာ… ဝက်သားတုံးကြီးတွေက အလိုလို နေရင်း ကြီးကြီးလာနေပါလား'

ကြည့်ရင်း စိတ်ထဲကပြောရင်း ကြောက်စိတ်ထူပူကာ အပြင်ကို ပြေးထွက်လာပြီး…

'ကိုနိုင်'

'ဇာခြည်'

အားကိုးတကြီးနဲ့ ယွန်းဝတီက အော်ခေါ်တယ်။ ယွန်းဝတီရဲ့ အထိတ်တလန့်အသံကြောင့် နိုင်ကျော်စွာနဲ့ ဇာခြည်က အလောတကြီး ညှော့ခန်းထဲက ပြေးထွက်လာကြတယ်။

'ဟာ… ဘာဖြစ်တာလဲ ယွန်းဝတီ'

နိုင်ကျော်စွာက သူ့အကြည့်ကို ယွန်းဝတီမျက်နှာပေါ်မှာ လှုပ်ရှားရင်း မေးတယ်။

ဇာခြည်ကတော့ ယွန်းဝတီရဲ့ မျက်နှာ အမူအရာအပြောင်းအလဲကို စူးစိုက်ကြည့်ငေးနေတယ်။

ယွန်းဝတီက ပြောရမယ့်စကားအတွက် အသက်ကို ဝအောင်ရှူလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ ထစ်ငေါ့တုန့်ရီတဲ့အသံနဲ့ လှုပ်လှုပ်ခတ်ခတ် ပြောဘယ်။

'ဟို… ဟာ… အဲ… ဟင်းအိုးထဲက ဝက်သားတုံးတွေကလေ'

'ဘာဖြစ်လို့လဲ တူးကုန်လို့လား'

ဓာခြည်က စကားဖြတ်မေးတယ်။

'မဟုတ်ဘူး၊ အဲဒီဝက်သားတုံးတွေက အိုးထဲကနေပြီး သီချင်းဆိုနေတယ်၊ ပြီးတော့ တဖြည်းဖြည်းနဲ့ ဝက်သားတုံးကြီးတွေက ကြီးကြီးလာတယ်၊ လက်သီးဆုပ်လောက် ထန်းသီးလုံးလောက်ကြီး'

ယွန်းဝတီက သူကြုံတွေ့ရတဲ့ အဖြစ်အပျက်အမှန်ကို တုန်ယင်အားငယ်စွာနဲ့ ပြောပြတယ်။

'မဖြစ်နိုင်တာတွေ၊ ယွန်းဝတီ အမြင်မှား၊ အကြားမှားနေလို့ ဖြစ်မှာပါ'

'မဟုတ်ဘူး'

'ဒါဖြင့် သွားကြည့်ရအောင်၊ ဟုတ်မဟုတ်ပါ လာ…'



www.burmeseclassic.com

www.burmeseclassic.com



ဇာခြည်က မယုံသင်္ကာမျက်နှာထားဖြင့်နဲ့ ယွန်းဝတီကို ကြည့်ကာ ပြောတယ်။ စကားဆုံးတော့ မီးဖိုခန်းထဲကို သုံးယောက်သား ရောက်သွားကြတယ်။ ဒီမှာ နိုင်ကျော်စွာက ယွန်းဝတီပြော စကားကို မယုံသလို ဟင်းအိုးထဲက ဝက်သားတုံးတွေကို ငုံ့ ကြည့်လိုက်တော့…

'ဟင်… ဟာ… ယွန်းဝတီ ဘယ်မှာလဲ၊ ဝက်သားတုံး တွေက အိုးထဲမှာ တစ်တုံးမှမရှိတော့ပါလား'

နိုင်ကျော်စွာ တအံ့တဩဖြစ်သွားတယ်။

'ဟုတ်ရဲ့လား၊ သေသေချာချာ ကြည့်ပါဦး ကိုနိုင်'

ယွန်းဝတီက ထပ်ပြောတယ်။

'ကိုနိုင်ပြောတာ မယုံရင် လာကြည့်လှည့်ကြ'

ဒီတော့ ယွန်းဝတီနဲ့ ဇာခြည်က ဟင်းအိုးထဲကို ပြိုင်တူ ငုံ့ကြည့်ကြတယ်။

'ဟယ်… ဟင်… ဟုတ်ပါရဲ့၊ ဟင်းတုံးတွေ ဘယ် ရောက်ကုန်ပြီလဲ၊ မရှိတော့ဘူး၊ အံ့ဩစရာ ကောင်း လိုက်တာ'



www.burmeseclassic.com

www.burmeseclassic.com



ယွန်းဝတီက စိတ်ပျက်ဟန်ညည်းသံနှင့် ပြောတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး သုံးဦးသား ထူးခြားကာ တုန်လှုပ်ချောက်ချားနေကြတုန်းမှာပဲ ဖျတ်ခနဲ အရိပ်တစ်ခုက နံရံပေါ်မှာ ထင်ဟပ်ပေါ်လာတယ်။

'ဟာ… ဟိုမှာ ဘာကြီးလဲ မသိဘူး'

'အရိပ်ကြီး'

'လုပ်ကြပါဦး'

သူတို့သုံးယောက်ရဲ့ အသံတွေက မီးဖိုခန်းထဲမှာ ဆူညံသွားတယ်။

'နံရံပေါ်က အရိပ်ကြီးကလည်း ခြေကားကား လက်ကားကားနဲ့ ပိုကြောက်အောင် ခြောက်လှန့်သလို ရှိနေတယ်'

'အပါး… ကြောက်တယ်၊ ကြောက်တယ်'

ယွန်းဝတီက ကြောက်ကြောက်ရွံ့ရွံ့နဲ့ နိုင်ကျော်စွာကို ပြေးဖတ်ထားတယ်။

ဇာခြည်က ဂါထာတစ်ခုကို ပါးစပ်က ရွတ်ဖတ်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



ခဏကြာတော့ နံရံမှာထပ်ဟပ်နေတဲ့ အရိပ်ကြီးဆီက အသံထွက်လာတယ်။

'ဟီး… ဟီး… ဟီး… ဒီလို လက်သီးဆုပ်လောက်ရှိတဲ့ အသားတုံးကြီးတွေကို စားချင်စိတ်ရှိနေတာ ကြာပြီ၊ ခုမှပဲ စားရတော့တယ်၊ ဟီး… ဟီး… ဟီး'

သူတို့သုံးယောက် ဘာပြောလို့ပြောရမှန်းမသိဘဲ မျက်နှာမှာ အရိပ်အရောင်အမျိုးမျိုး ပြောင်းလဲနေကြတယ်။

နောက်တော့ မကြာပါဘူး။ အလင်းတန်းတစ်ခုက ဖျတ်ခနဲ ဝင်လာတော့ အရိပ်ကြီး ချက်ချင်းပျောက်သွားတယ်။

မီးဖိုခန်းတစ်ခုလုံးလည်း ငြိမ်ကျသွားတော့တယ်။

ဒါပေမဲ့ အရိပ်ကြီးနဲ့ပတ်သက်ပြီး သူတို့သုံးယောက်က သိနေကြသလိုပဲ။

အဲဒါကတော့ ဘယ်သူဖြစ်မလဲ။

* ♦ *



www.burmeseclassic.com

www.burmeseclassic.com

(၁၅)

ကိုရဲရဲ့အမေ ဒေါ်ခင်ခင်သော်က ဘုရားရှိခိုးပြီး အပေါ်ထပ်က ဆင်းလာတယ်။ ကိုရဲရဲ့ အဖေ ဦးရဲဝင်းက ဧည့်ခန်းထဲမှာ ထိုင်ပြီး သတင်းစာဖတ်နေဆဲ ဒေါ်ခင်ခင်သော်က သူ့ခင်ပွန်း ဦးရဲဝင်း ဘေးနားက ဆက်တီခုံအလွတ်တစ်ခုမှာ ထိုင်ချလိုက်ရင်း...

'အဖေကြီး... ကျွန်မ ဘုရားရှိခိုးနေတုန်းက အာရုံထဲမှာ ရှင်သား ကိုရဲပြန်လာတယ်လို့ မြင်ရတယ်၊ မျက်နှာမှာလည်း သွေးစက်သွေးကွက်တွေနဲ့'



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်ခင်သော်က သူ့စိတ်ထဲရှိတဲ့ အတိုင်းပြောတယ်၊ ဦးရဲဝင်းက သတင်းစာကိုဖတ်နေရင်းက ဖျတ်ခနဲလှည့်ကြည့်ကာ ပြောတယ်။

'မင်းစိတ်က စွဲလန်းနေလို့ဖြစ်မှာပါ၊ ကိုရဲ မင့်သားက သေသွားပြီပဲ၊ ဘယ်လိုလုပ်ပြန်လာနိုင်တော့မှာလဲ၊ မဟုတ်ဘူးလား အမေကြီး ပြောတာ'

'ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ ကျွန်မ စိတ်ထဲက တော့ ကျွန်မသား ကိုရဲ သေသွားပြီဆိုတာ မျက်မြင် မဟုတ်တော့ သူများအပြောနဲ့ မယုံချင်သေးဘူး၊ အဲဒီ လိုဖြစ်နေတာ'

'ဒါကတော့ 'အမေကြီးရဲ့ မျှော်လင့်စိတ်ပဲ၊ အမေကြီး လည်း ခံစားရတာပေါ့၊ ဒီလိုပဲ'

ဦးရဲဝင်းရဲ့ စကားအဆုံးမှာ နံရံပေါ်မှာ ဆွဲခတ်ထားတဲ့ ကိုရဲရဲ့ ဂစ်တာက အလိုလိုနေရင်း…

'ဒေါင်'ခနဲ မြည်သံနဲ့တူ ဂစ်တာကြိုးတွေကရုတ်တရက် ပြတ်သွားတာ တွေ့လိုက်ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



'ဟာ'

'ဟင်… အဲ… အလိုလိုနေရင်း ဂစ်တာကြိုးက ပြတ်သွားပါလား၊ ဘယ်လိုဖြစ်ရတာလဲ'

'ဟုတ်ပါရဲ့တော်'

နှစ်ယောက်သား အံ့သြသလို မျက်လုံးပြူးသွားကြတယ်။ ခဏကြာတော့ ကိုရဲ ဆိုတီးနေကြ (I CON'T STOP LOVING YOU) သီချင်းသံနဲ့ ဂစ်တာတီးသံကို တိုးတိုးသဲ့သဲ့ကြားကြရတယ်။

ဒီမှာ ဒေါ်ခင်ခင်သော်က နားစွင့်ထောင်ရင်းပြောတယ်။

'ဟော… ကြားလား အဖေကြီး၊ သား ကိုရဲ ဂစ်တာတီးပြီး သီချင်းဆိုနေတဲ့အသံ'

'ကြားတယ်၊ သူ့အခန်းထဲကနဲ့တူတယ်၊ ဟုတ်မဟုတ်သွားကြည့်ရအောင်'

ပြောပြောဆိုဆို ဦးရဲဝင်းနဲ့ ဒေါ်ခင်ခင်သော်က ထိုင်ရာက ပြိုင်တူထလိုက်ကြရင်း ကိုရဲအခန်းရှိရာကို ကမန်းကတန်းရောက်သွားကြတယ်။ အခန်းတံခါးက 'ဘု'ကိုလှည့်ဖွင့်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်တော့…

'ဟင်'

'အယ်'

အလွန်ထူးဆန်းစွာ ဘာမှမမြင်။ မကြားရတော့ဘူး။ ဒီမှာ ဦးရဲဝင်းနဲ့ ဒေါ်ခင်ခင်သော်လည်း တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ အံ့သြမှုအရောင်တွေ ကူးဆက်သွားကြတယ်။

ပြီးတော့ ဦးရဲဝင်းက တံခါး'ဘု'ကိုဆွဲကာ…

'ဝုန်း'ခနဲ ဆွဲဆောင့်ပိတ်လိုက်တယ်။ ဒီအခိုက်မှာပဲ စောစောကလို ဂစ်တာသံနဲ့ သီချင်းသံဟာ အခန်းထဲကနေ တိုးဖော့ လွင့်ထွက်လာပြန်တယ်။

'ဟော… ကြားလား အဖေကြီး'

ဒေါ်ခင်ခင်သော်က နားစွင့်ရင်း ဦးရဲဝင်းကို လက်တို့ ပြောတယ်။

'ကြားတယ်'

ပြန်ပြောရင်း ဦးရဲဝင်းက အခန်းတံခါးကို ဆတ်ခနဲ ဆွဲဖွင့်ကြည့်လိုက်တော့ တီးရှပ်အဖြူနဲ့ ဂျင်းဘောင်းဘီကို ဝတ်



www.burmeseclassic.com

www.burmeseclassic.com



ဆင်ပြီး တစ်ဖက်ကိုလှည့်ကာ ဂစ်တာတီးနေတဲ့ ကိုရဲကို မြင်လိုက်ရတယ်။

'ဟင်… သား ကိုရဲ'

'ဟာ… အင်း… သား ကိုရဲ'

အားရဝမ်းသာနဲ့ နှစ်ယောက်သား ခေါ်ရင်း အခန်းထဲကို တွန်းတိုးဝင်သွားကြတယ်။ စောစောက ကျောပေးထိုင်နေတဲ့ ကိုရဲက ဆတ်ခနဲထလိုက်ပြီး စာရေးစားပွဲပေါ်မှာ အလှတင်ထားတဲ့ သူရဲ့ဓာတ်ပုံကြီးထဲကို လှစ်ခနဲ ဝင်ရောက်ပျောက်ကွယ်သွားတာကို သူတို့နှစ်ယောက် မျက်လုံးပြူးမျက်ဆံပြူးနဲ့ မြင်တွေ့လိုက်ရတော့တယ်။

ဒါဟာ တကယ်မြင်တွေ့ကြုံလိုက်ရတာလား။ ဒါမှမဟုတ် တစ်ခုခု ယွင်းမှားနေပြီလား။ စိတ်အာရုံတွေ ဝေဝါးရင်း သူတို့နှစ်ယောက် စဉ်းစားမရဖြစ်ကာ အခန်းထဲက ပြန်ထွက်လာခဲ့ကြတော့ အမှတ်မထင် နံရံမှာ ဆွဲချိတ်ထားတဲ့ ကိုရဲရဲ့ ဂစ်တာကြီးက…

'ဠမ်း' ခနဲ အောက်ကိုပြုတ်ကျသွားတာကိုအလန့်တကြား

www.burmeseclassic.com

www.burmeseclassic.com



မြင်တွေ့လိုက်ရတယ်။

'ဟယ်··· ဂစ်တာကြီး ပြုတ်ကျကွဲသွားပြီနဲ့ တူတယ်'

'ဟုတ်တယ်'

သူတို့နှစ်ယောက် မျက်နှာပေါ်က အံ့ဩထိတ်လန့်မှု အရောင်တွေကတော့ သူတို့နှစ်ယောက် သိထားတဲ့ အဖြေတစ်ခု ထင်ပါရဲ့။

အဲဒါကတော့· ·

'သရဲ··· အင်း··· အဲ··· ဟို··· ကိုရဲ လာပြတာပဲ ဖြစ်မယ်'

* ♦ *



www.burmeseclassic.com

www.burmeseclassic.com

(၁၆)

ညနေရင့်အိုချိန်လေးမှာ အောင်ကိုသက်က မမျှော်လင့်ဘဲ ဇာခြည်တို့အိမ်ကို ရောက်သွားတယ်။ ဇာခြည်က အောင်ကိုသက်ကိုတွေ့တော့ မျက်နှာကို တမင်တည်ထားလိုက်တယ်။

ဇာခြည်ရဲ့ မျက်နှာထားကြောင့် အောင်ကိုသက် ရွံ့တွန့်တွန့်ဖြစ်ရင်း တိုးတိုးသဲ့သဲ့လေး ခေါ်လိုက်ပြန်တယ်။

'ဇာခြည်'

'ပြောစရာရှိတာ ပြောပါ ကိုအောင်ကိုသက်'

ဇာခြည်က အောင်ကိုသက် မျက်နှာကို လှည့်မကြည့်ဘဲ ပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com



'ဇာခြည် စားပြီးပြီလား'

'ကိုအောင်ကိုသက်က ကျွေးမလို့လား၊ ဇာခြည်မစား ရသေးရင်'

'ဇာခြည်စားမယ်ဆိုရင် ဘာပဲဖြစ်ဖြစ်ကျွေးမှာပေါ့'

'တကယ်ပြောနေတာလား'

ဇာခြည်က မျက်စောင်းလေးထိုးကာ မေးတယ်။

'အိုး... ဟဲ... ကျားကိုက်ပါတယ်ဆို၊ အပေါက်ကြီး နဲ့မေးနေရသေးလား ဇာခြည်ရယ်'

'အင်း... ဒါဖြင့် ပြောမယ်၊ ဇာခြည်စားချင်တာ'

'ပြော'

'ကိုအောင်ကိုသက်ရဲ့ အသည်းနှလုံးကို'

'ဗျာ'

ဇာခြည့်စကားအဆုံးမှာ အောင်ကိုသက် မျက်ခုံးတွန့် တက်သွားတယ်။

'ဘယ်လိုဖြစ်သွားတာလဲ ကိုအောင်ကိုသက်'

ဇာခြည်က ပြုံးစိစိနဲ့ မေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



'အဲ… ဟို… ဟိုဒင်း… ဘာမှမဖြစ်ပါဘူး'

အောင်ကိုသက်က မျက်နှာအမူအရာကို ပြင်ကာ ပြောတယ်။

'ဒါဖြင့် ဘယ်လိုလဲ ဓာခြည်ပြောတာ'

'ဓာခြည်က တကယ်စားရဲလို့လား၊ ကျွန်တော့်အသည်းနှလုံးကို'

'ပြောပြီးပြီပဲ'

အောင်ကိုသက်က ဓာခြည့်စကားကြောင့် ပြုံးပြီး ခေါင်းညိတ်တယ်။ နောက်မှ အောင်ကိုသက်က အင်္ကျီကြယ်သီးကို ဖြုတ်ကာ သူ့ရင်ဘတ်ကို ဟပြတယ်။

'ကဲ… ဒါဆိုလည်း ကျွန်တော့်ရင်ဘတ်ကိုခွဲပြီး စားတော့'

'တကယ်ပြောနေတာနော် ဓာခြည်က'

'ဒီကလည်း တကယ်ပြောနေတာပဲ'

'ကဲ… စားမယ်၊ ကြည့်ထား ဒါဆို'

ချက်ချင်းပဲ ဓာခြည်က သူ့မျက်နှာ အရည်ခွံကို လက်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆွဲဆုပ်ချာပစ်လိုက်တော့ အရေပြားနဲ့ အသားအဆီမရှိတော့တဲ့ ဇာခြည့်မျက်နှာကို ကြည့်ရင်း အောင်ကိုသက်က ကြောက်ရွံ့ချောက်ချားကာ အော်ဟစ်ပစ်လိုက်တယ်။

'အမယ်လေး ကြောက်စရာမျက်နှာကြီး'

အော်သံကြောင့် နိုင်ကျော်စွာနဲ့ ယွန်းဝတီက ညွှဲခန်းထဲကို ကမန်းကတန်းရောက်လာကြတယ်။

အောင်ကိုသက်က သူ့မျက်နှာကို လက်ဖဝါးနှစ်ဖက်နဲ့ ဖုံးအုပ်ကာ အောက်ကိုခေါင်းစိုက် ချထားတယ်။

'အောင်ကိုသက် ဘာဖြစ်တာလဲ'

နိုင်ကျော်စွာရဲ့အသံကို ကြားရတော့မှ အောင်ကိုသက်က ကြောက်စိတ်ကို ချုပ်ထိန်းကာ ခေါင်းမော့ကြည့်တယ်။

'ဟို... ဟာ... အဲ... ဇာ... ဇာခြည်'

'ဘယ်မှာလဲ၊ ဇာခြည် မရှိပါဘူး'

အောင်ကိုသက် စကားကြောင့် နိုင်ကျော်စွာ ကြောင်တိတိဖြစ်သွားတယ်။

'စောစောက ဒီမှာ ကျွန်တော်နဲ့အတူတူ ထိုင်ပြီး စကား



www.burmeseclassic.com

www.burmeseclassic.com



ပြောနေတာ'

'မဟုတ်တာ၊ ဇာခြည်က မနက်ကတည်းက သူ့သူငယ်ချင်းမလာခေါ်လို့ လိုက်သွားတယ်၊ မင်း ဘာတွေကြောင်နေတာလဲ_အောင်ကိုသက်'

စကားအဆုံးမှာ အောင်ကိုသက် ဘာပြန်ပြောရမှန်း မသိတော့။

ပြီးမှ သက်ပြင်းချရင်း ခေါင်းငုံ့ကာ...

'ဟုတ်လား၊ ဒါဆိုလည်း ကျွန်တော် ကြောင်တာပဲထားလိုက်ပါတော့၊ ကဲ... ပြန်ဦးမယ် အစ်ကိုနိုင်'

နောက်ဆုံးစကားကို ပြောပြီး အောင်ကိုသက်ထွက်လာခဲ့တယ်။

တံခါးရောက်တော့ သူ့ကိုယ်သူ ပြန်စဉ်းစားကြည့်တယ်။

'ငါ ရူးများနေပြီလား မသိဘူး၊ ဟုတ်တယ်၊ တချို့ကိစ္စတွေမှာ မရူးတာထက်စာရင် ရူးနေတာက ကောင်းအုံးသေးတယ်၊ အခုလည်း အဲဒီလိုမျိုးပေါ့'လို့ တွေးကာ



www.burmeseclassic.com

www.burmeseclassic.com


အောင်ကိုသက် ခပ်ကုပ်ကုပ်လေး ပြန်လာခဲ့တော့တယ်။

တကယ်တော့ အဲဒီအဖြစ်အပျက်က အဲဒီအတိုင်းပါပဲ။

* ♦ *


www.burmeseclassic.com

www.burmeseclassic.com

(၁၇)

တစ်ပတ်လောက်ကြာတော့ အောင်ကိုသက် အိမ်ကို ရောက်လာတယ်။ ဇာခြည်ကို ဧည့်ခန်းထဲမှာ တွေ့လိုက်ရတော့ သူက ပြုံးစိစိနဲ့ ကြည့်တယ်။ ဇာခြည်က သူ့အကြည့်ကြောင့် စိတ်ပျက်သလိုဖြစ်သွားတယ်။

'ဇာခြည်'

'ထိုင်လေ ကိုအောင်ကိုသက်'

ဇာခြည့်စကားအဆုံးမှာ အောင်ကိုသက်က ဆိုဖာခုံတစ်ခုမှာ ထိုင်ချလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



'ဓါခြည်'

'နားထောင်နေတယ်၊ ဘာပြောမလို့လဲ၊ ပြောလေ'

'အဲ… အင်း… ဟို… ဝိညာဉ်အယူဝါဒကို အယုံအကြည်ရှိလား ဓါခြည်'

'ဒါကတော့ အယူသည်းမှု စိတ်စွဲလန်းမှုကြောင့် ဖြစ်နိုင်တာပဲ၊ ဘာပဲဖြစ်ဖြစ် အနောက်နိုင်ငံတွေကလည်း ဝိညာဉ်အယူဝါဒကို ယုံကြည်လက်ခံကြပါတယ်'

'ကိုအောင်ကိုသက်က အဲဒီအကြောင်းတွေ ဘာလို့ပြောနေရတာလဲ'

'စိတ်ဝင်စားလို့ပါ၊ ကျွန်တော်က…'

'ဒါဆို ဝိညာဉ်အယူဝါဒနဲ့ ပတ်သက်လို့ ဓါခြည် ဖတ်ဖူးထားတာတစ်ခု ပြောပြရမလား၊ ကိုအောင်ကိုသက်က စိတ်ဝင်စားတယ်ဆိုလို့ပါ'

'အင်း… ပြော'

'ဘယ်လိုလဲဆိုတော့ အဲဒါက ၁၇၉၉ ခုနှစ်က ယော့ရှ်ကီပြည်မှာ ကိုယ်တွေ့ကြုံခဲ့ရတဲ့ ဗြိတိသျှအမတ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



သောမတ်ဘာရှစ်(၁၇၆၆-၁၈၄၁)က ထုတ်ဖော်ပြောခဲ့ဖူးတယ်'

'သူဟာ တူရကီပြည်ကို သံအမတ်တာဝန်နဲ့ ၁၇၆၆ ခုနှစ်က ရောက်သွားခဲ့တယ်၊ တူရကီအာဏာပိုင်တွေက သူ့ကို ဂရိမီယံမြို့တော် အက္ကရိုပိုလစ်(စ်)တောင်ကမူပေါ်မှာ တည်ဆောက်ထားတဲ့ ဖင်ရှားကျော်ကြားတဲ့ ဘုရားဝတ်ကျောင်းဟောင်းတစ်ဆောင်ကို ဖြိုပြီး ဆောက်လုပ်ဖို့အတွက် ဖျက်ခွင့်ပေးလိုက်တယ်'

'သောမတ်စိတ်ထဲမှာ ဒီဘုရားဝတ်ကျောင်းကို ဖျက်ပြီး လန်ဒန်မြို့မှာ ပြောင်းရွှေ့ဆောက်လုပ်ဖို့ ရည်ရွယ်ထားတယ်၊ ဘုရားဝတ်ကျောင်းဟောင်းမှာ ကျောက်ရုပ်တုတွေကို တိုင်သဖွယ် အမိုးနဲ့ကြမ်းပြင်ကို ထောက်ထားတယ်'

'သောမတ်က အလုပ်သမားတွေနဲ့ ညအချိန်မှာ စတင်ပြီးဖျက်ဆီးကြတော့တယ်၊ အလုပ်သမားတွေက ကျောက်ရုပ်တုတစ်ရုပ်ကို စတင်ဖြိုဖျက်ဖို့ အောက်ခြေကို တူရွင်းနဲ့ ကော်လိုက်တာနဲ့ တပြိုင်နဲ့ အဲဒီရုပ်တုကြီးက တအီးအီး



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ငယ်သံပါအောင် ဆူးဆူးဝါးဝါး အော်ဟစ်လိုက်တဲ့အသံက ပတ်ဝန်းကျင်တစ်ခုလုံးကို ပဲ့တင်ထပ်သွားတယ်။ ဒီတော့ အလုပ်သမားတွေက ကြောက် ရွံ့ထိတ်လန့်ပြီး ထွက်ပြေးကုန်ကြတယ်။ ဒီမှာ သောမတ်(စ်)ဟာ သတ္တိကောင်းတဲ့ အလုပ်သမားသုံးယောက်ကို ခေါ်ယူပြီး သူနဲ့အတူ (သူကိုယ်တိုင်) ကျောက်ရုပ်တစ်ရုပ်ကို ပုံပန်းမပျက်ဖျက်ယူတော့တယ်'

'အဲဒီအဖျက်ခံလိုက်ရတဲ့ ကျောက်ရုပ်တုကလည်း ဖျက်နေဆဲမှာပဲ ဝေဒနာတစ်ခုခုကို ခံစားနေရသလို ဆူးဆူးဝါးဝါး ဟီး… ဟီးနဲ့ ငယ်သံပါအောင် အော်ဟစ်နေတယ်၊ ဒါပေမဲ့သောမတ်(စ်)က မကြောက်မရွံ့ဘဲ ကိစ္စပြီးစီးအောင် အဲဒီကျောက်ရုပ်တုကြီးကို အလောတ်အဦးက ဖြုတ်ယူခဲ့တယ်'

'အခုချိန်ထိ သူဖြုတ်ယူခဲ့တဲ့ ငယ်သံပါအောင် အော်ဟစ်ခဲ့တဲ့ ကျောက်ရုပ်တုကြီးဟာ ဗြိတိသျှပြတိုက်အတွင်းမှာ ရှိနေသေးတယ်တဲ့'



www.burmeseclassic.com

www.burmeseclassic.com



'တော်တော် ထူးဆန်းအံ့ဩစရာ ကောင်းတာပဲနော် ဓာခြည်'

အောင်ကိုသက်က စိတ်ဝင်တစားနဲ့ နားထောင်ရင်း ပြောတယ်။

'အင်း... ဟုတ်တယ်၊ ရှေးဟောင်း ဂရိလူမျိုးတွေဟာ အဲဒီလို ဘုရားဝတ်ကျောင်းမျိုးတွေကို ကျောက်ရုပ်တုတိုင်တွေခံပြီး ဆောက်လုပ်ခဲ့ကြတယ်၊ အဲဒီကျောက်ရုပ်တုတွေကို အဆောက်အဦးက ဖြုတ်ထုတ်ယူရင်တော့ ဝေဒနာကိုနာကျင်စွာ ခံစားရသလိုမျိုး ညည်းညူသံ အော်ဟစ်သံတွေကို ကြားရတော့တာပဲတဲ့'

'ဓာခြည်ပြောပြတာ အရမ်းစိတ်ဝင်စားစရာကောင်းဘာပဲ၊ စိတ်ဝင်စားစရာကောင်းသလို ဝိညာဉ်အယူဝါဒကိုလည်း မယုံကြည်လို့ မဖြစ်ဘူး၊ ကျွန်တော်တော့ ယုံကြည်တယ်၊ ဘာလို့လဲဆိုတော့'

အောင်ကိုသက်က ဆက်ပြောသင့် မပြောသင့် စကားကို စဉ်းစားလိုက်ချော့ သူ့စိတ်အာရုံထဲမှာ မျက်နှာအရေးခံ့ကို လက်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆုပ်ချွာပစ်လိုက်တဲ့ ဇာခြည်ရဲ့မျက်နှာကြီးက ဖျတ်ခနဲ ဖျတ်ခနဲ ပေါ်လာတယ်။

'အောင်မယ်လေး ကြောက်စရာ မျက်နှာကြီး'

ကယောင်ကတမ်းအော်လိုက်တဲ့ အောင်ကိုသက်အသံကြောင့် ဇာခြည်လည်း မျက်မှောင်ကုတ်ကြည့်ကာ ရုတ်တရက် အထိတ်တလန့်ဖြစ်သွားတယ်။

'ဘယ်မှာလဲ ကိုအောင်ကိုသက်၊ ကြောက်စရာမျက်နှာကြီး'

'မဟုတ်ဘူး၊ ဘာမှမဟုတ်ဘူး၊ ကျွန်တော် ယောင်ပြီး အော်လိုက်မိတာ'

'ကိုအောင်ကိုသက်ကတော့ အလန့်တကြားပဲ၊ လုပ်လိုက်ရင်'

ဇာခြည့်စကားကြောင့် အောင်ကိုသက် စကားအဆက်ရခက်သွားတယ်။ နှစ်ယောက်သားပဲ စကားလုံးတွေ သေဆုံးသလို ဖြစ်သွားကြတယ်။ ခဏကြာတော့မှ…

'ဟာ… ဟင်… အယ်… ဟိုမှာ ကြည့်စမ်း ဇာခြည်'



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးပြူး မျက်ဆံပြူးနဲ့ အောင်ကိုသက်က ပြောတယ်။

'ဘာကို ကြည့်ရမှာလဲ၊ လုပ်ပြန်ပြီ'

'ဟိုမှာလေ၊ ဟိုမှာ… နံရံပေါ်မှာ ချိတ်ထားတဲ့ ဓာခြည်တို့ အမှတ်တရရိုက်ထားကြတဲ့ ဓာတ်ပုံကြီးကို'

'ဘာဖြစ်လဲ၊ အဲဒါ…'

'ဓာတ်ပုံထဲက ကိုရဲရဲ့ပုံက တဖြည်းဖြည်းနဲ့ မှုန်ဝါးလာပြီး ဓာတ်ပုံမှန်ကလည်း အစိုဓာတ်တွေကြောင့် ရေငွေ့ဖြစ်ပြီး ဖြူဖပ်ဖြူရော်ဖြစ်သွားပြီ၊ အဲ… အင်း… ဟိုက်… ကြည့်ရင်း ကြည့်ရင်းနဲ့ ဓာတ်ပုံထဲက ကိုရဲပုံဟာ အပြင်ကို ခုန်ထွက်လာနေပြီ၊ ဓာခြည် တွေ့လား၊ တွေ့လား'

မမြင်ရဘဲ ကြားနေရတဲ့ စကားတွေကြောင့် ဓာခြည် ကြောင်အမ်းအမ်း ဖြစ်နေတယ်။

'မတွေ့ဘူး၊ ဘယ်မှာလဲ ဓာခြည်တော့ မမြင်ပါဘူး'

'ဟုတ်တယ် ဓာခြည်၊ ကျွန်တော်ပြောနေတာ အဲ… အင်း… တွေ့လား၊ တွေ့လား၊ ဓာတ်ပုံထဲက ခုန်ထွက်



www.burmeseclassic.com

www.burmeseclassic.com



လာတဲ့ သူ့အရိပ်ကြီးက နံရံထဲ ပြန်ဝင်သွားပြီ'

အောင်ကိုသက်က ကြောက်လန့်တုန်လှုပ်စွာနဲ့ ကြည့်ရင်း သူမြင်တွေ့နေရတဲ့ ကြောက်မက်စရာအကြောင်းကို ပြောပြတယ်။ ဇာခြည်က သူပြောနေတဲ့ အရိပ်ကြီးကိုလည်း မမြင် မတွေ့ရတော့။

'ဒီလောက်လည်း အယူသည်းမနေပါနဲ့ ကိုအောင်ကိုသက်၊ စောစောက ဇာခြည်ပြောပြတာကို စိတ်စွဲနေပြီး ကယောင်မချောက်ချားဖြစ်နေတာ ဖြစ်မှာပါ'

ဇာခြည်က စိတ်သက်သာရာရအောင် ချင့်ချင့်ချိန်ချိန်နဲ့ ပြောတယ်။ အောင်ကိုသက်က ကြောက်စိတ်ထူပူပြီး…

'ဝုန်း'ခနဲ ထိုင်ရာက အပြင်ကို ပြေးထွက်သွားတော့တယ်။

ဇာခြည်ကတော့ မယုံကြည်နိုင်လောက်အောင် အံ့ဩမှုတွေနဲ့ အောင်ကိုသက်ကို ကြည့်နေးကာ…

'အို… သူ ရူးနေလို့ပြောတာ၊ ဒါတွေက…'

လို့ စိတ်ထဲက ထင်တွေးရင်း သက်ပြင်းချတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ကိုရဲသေဆုံးပြီးကတည်းက ဒီလိုကူးခြားအံ့ဩစရာတွေနဲ့ ကြုံတွေ့နေရတာကတော့ တွေးစရာ စဉ်းစားစရာ အမှန်ပဲ။

အဲဒါကတော့ သေချာပါတယ်။

* ◆ *



www.burmeseclassic.com

www.burmeseclassic.com

(၁၈)

'ဇာခြည်'

'အင်'

သူ့အသံကြောင့် ဇာခြည်က ပေါ့ပေါ့တန်တန်ပဲ ပြန်ထူးတယ်။ အောင်ကိုသက်က ဇာခြည့်မျက်နှာအနေအထားကို အကဲခတ်ရင်း...

'ဇာခြည်'

ထပ်ခေါ်ပြီး ဆက်စရာစကားမရှိသလို စကားလုံးတွေ ပျောက်ဆုံးနေပြန်တယ်။



www.burmeseclassic.com

www.burmeseclassic.com



'ပြော… ကိုအောင်ကိုသက်'

'ဟိုလေ… အဲ… အင်း… ဇာခြည်နဲ့ ကိုရဲ စေ့စပ်လက်ထပ်ဖို့ဆိုတာ ဒီဘဝမှာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်တော့ဘူး၊ ကျွန်တော်ပြောတာ ဟုတ်တယ်နော်၊ ဒါပေမဲ့ ဇာခြည်ကိုချစ်နေတဲ့ လူတစ်ယောက် ကမ္ဘာပေါ်မှာ ရှိနေသေးတယ်ဆိုတာတော့ သိစေချင်ပါတယ် ဇာခြည်'

အောင်ကိုသက်က ပြောပြီး ကမန်းကတန်းနဲ့ တံတွေးကို မြိုချတယ်။ ဇာခြည်က သူ့စကားကြောင့် နှုတ်ခမ်းကို ကွေးတွန့်ကာ မဲ့ပြုံးလေး ပြုံးတယ်။

'သိပါတယ်'

'ဒါဆို'

ဇာခြည်ရဲ့ စကာအဆုံးမှာ အောင်ကိုသက်မျက်နှာက မျှော်လင့်ချက်နဲ့ အရောင်ပြောင်းသွားတယ်။

'ကိုအောင်ကိုသက်ပြောသလို ဒီဘဝမှာ ကိုရဲနဲ့ဇာခြည် ဘယ်လိုမှ စေ့စပ်လက်ထပ်ခွင့်မရတော့ပေမယ့် သူ့ဝိညာဉ်က တမလွန်ကနေ ဇာခြည့်ကို ဆက်သွယ်နေကြန်း



www.burmeseclassic.com

www.burmeseclassic.com



ပဲ၊ ချစ်နေတုန်းပဲဆိုတာ စိတ်ထဲက အလိုလို ခံစားသိနေရတယ်၊ ဒီတော့…'

'ဆက်ပြော ဇာခြည်'

'ပြောစရာလိုသေးလား'

'ဇာခြည်က မလိုပေမယ့် ကျွန်တော်ကတော့ ပြောစရာရှိသေးတယ်'

'ပြော… ဘာလဲ'

ဇာခြည်က အောင်ကိုသက်မျက်နှာကို လှည့်ကြည့်ကာ မေးတယ်။

'ကျွန်တော့်ကို ဇာခြည်ချစ်နိုင် မချစ်နိုင်ဆိုတာ ပြတ်ပြတ်သားသား သိချင်တယ် ဇာခြည်'

'ဇာခြည့်စကားက ဆုံးနေပြီပဲ၊ ဘာထပ်ပြောစရာလိုသေးလဲ ကိုအောင်ကိုသက်၊ စဉ်းစားကြည့်ပေါ့'

'ဒါဆိုလည်း ပြီးတာပါပဲ၊ ဒါပေမဲ့ တစ်နေ့တော့ ကျွန်တော့်အကြောင်း သိရမှာပေါ့၊ မစားရတဲ့အမဲ သဲနဲ့ပက်တယ်ပဲပြောပြော၊ မစားရတဲ့ စပျစ်သီး ချဉ်တယ်ပဲ



www.burmeseclassic.com

www.burmeseclassic.com



ဆိုဆို မသောက်ရတဲ့ရေကို ခြေဆေးပစ်တာပဲဖြစ်ဖြစ်၊ ဖြစ်ချင်တာဖြစ်စေတော့ ကျွန်တော့်အချစ်က ဘယ်တော့မှ လက်နက်မချဘူး ဇာခြည်'

'သိပါတယ်၊ ဒီလောက်ထိ ဖွင့်ပြောစရာမလိုဘူး၊ ကိုအောင်ကိုသက်အကြောင်းကို'

'ဗျာ… ကျွန်တော့်အကြောင်းကို သိတယ် ဟုတ်လား ဇာခြည်'

စိတ်လှုပ်ရှားမှုကြောင့် ကိုအောင်ကိုသက် အသံက တုန်ခါနေတယ်။

'သိတာပေါ့၊ အခုပဲ ကိုအောင်ကိုသက်က ပြောနေပြီပဲလေ'

ဇာခြည်က ကိုယ်လေးလှုပ်ရမ်းကာ ရယ်ရင်းပြောတယ်။

'ဒီမှာ ဇာခြည် သိထားဖို့က ကျွန်တော့်အကြောင်းကို သိတဲ့သူတိုင်းကို ဒီအတိုင်းမထားဘူး၊ ကျွန်တော်က အပြတ်ရှင်းပစ်လိုက်တာချည်းပဲ၊ အခုလည်း ဇာခြည်က ကျွန်တော့်အကြောင်းကို သိနေပြီဆိုတော့ ဟင်း…

www.burmeseclassic.com

www.burmeseclassic.com



ဟင်း… ဟင်း… ဇာခြည်လည်း တမလွန်က စောင့်နေတဲ့ ဇာခြည့်ချစ်သူ ကိုရဲရှိရာ လိုက်သွားဖို့ ပြင်ထားတော့

ဗြောဗြောဆိုဆို စိမ်းပြာရောင်လက်နေပြီး ချွန်မြသက်ရှနေတဲ့ အချွန်တစ်ခုနဲ့ ဇာခြည့်ရင်ဘတ်ကို လျှပ်တပြက် ထိုးစိုက်လိုက်တယ်။

ဒါပေမဲ့ အဲဒီအချိန်မှာပဲ လှစ်ခနဲ အရိပ်တစ်ခုက ဇာခြည့်ရှေ့က ကာဆီးခံလိုက်တယ်။ သွေးတွေက ရေပိုက်တစ်ခုတည်းက ရေတွေလို အပြင်ကို ပန်းထွက်လာတယ်။ မြင်တွေ့လိုက်ရတဲ့ ကြောက်စရာမြင်ကွင်းကြောင့်…

'အောင်မလေး'

ထိတ်လန့်တကြားနဲ့ အာခေါင်ခြစ်ကာ ဇာခြည် အသံကုန်အော်ဟစ်လိုက်ရင်း အိပ်ရာက လန့်နိုးလာတယ်။ ဟိုဟိုဒီဒီကို ကြောက်ကြောက်ရွံ့ရွံ့နဲ့ မျက်လုံးဝေ့ကြည့်လိုက်မိတော့ ခုတင်ဘေးက နံရံပေါ်မှာ သွေးစက်တွေလို အနီရောင်နဲ့ ရေးထားပဲ့စာတန်းတစ်ခုကို ထူးထူးဆန်းဆန်း မြင်တွေ့လိုက်ရတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



'ကိုရဲ့ ချောက်ကမ်းပါးထဲ တွန်းချခံရတာ ဓာခြည်' အသံတိတ် နံရံပေါ်က စာတန်းကို ဖတ်ကြည့်ရင်း တုန် လှုပ်ခြောက်ခြားစွာ ဓာခြည့်စိတ်ထဲကို အသိတစ်ခုက ဖျတ်ခနဲ ရောက်လာတယ်။

'ဒါ… ကိုရဲရဲ့ လက်ရေးပဲ'

ဒီအသိက မမှားနိုင်ဘူး။

မှားနေတဲ့အချက်ကတော့ ဓာခြည့်စိတ်ပဲ။

* ♦ *

www.burmeseclassic.com

www.burmeseclassic.com

(၁၉)

ညက အိပ်မက်အကြောင်း ပြောပြလိုက်တော့ နိုင်ကျော်စွာရယ် ယွန်းဝတီရယ်က ထိတ်လန့်မှုမျက်နှာအရောင်တွေနဲ့ ဇာခြည့်မျက်နှာပေါ်ကို အာရုံရောက်လာကြတယ်။

'အိပ်မက်ဆိုတာ စိတ်ချောက်ချားရင်လည်း မက်တတ်တာပဲ၊ စွဲလန်းမှုတစ်ခုကြောင့်လည်း ဖြစ်တတ်တာပဲ၊ ဒီတော့ အိပ်မက်ကို အိပ်မက်အတိုင်းပဲ ထားလိုက်တော့၊ ဘာမှ စဉ်းစားမနေနဲ့၊ အတိတ်နိမိတ်ကောက်မနေနဲ့တော့ ဇာခြည်'



www.burmeseclassic.com

www.burmeseclassic.com



'ဒါပေမဲ့ အိပ်မက်ထဲကလို ကိုအောင်ကိုသက်ရဲ့ အချစ် အတွက်စိတ် ဆင်ရိုင်းကိုတော့ သတိထားမှ ဖြစ်မယ် အစ်ကိုနိုင်၊ ဘာလို့လဲဆိုတော့ အစ်ကိုနိုင့်ကို ပြောဖူးသား ပဲ၊ ဇာခြည့်အချစ်ကို ရယူဖို့ သူက အမြဲတမ်းကြံစည် ကြိုးစားနေတဲ့ သူမဟုတ်လား၊ ဒီတော့ ကိုရဲ့ သေဆုံးရ တာလည်း ဒီကိစ္စကြောင့်လည်း ဖြစ်နိုင်တယ်'

နိုင်ကျော်စွာက နည်းနည်းစဉ်းစားတယ်။ ယွန်းဝတီက ဘာပြောမလဲလို့ နားထောင်တိတ်ဆိတ်နေတယ်။

'အင်းလေ… ဘာပဲဖြစ်ဖြစ် ကိုရဲ့သေဆုံးရတဲ့ ကိစ္စနဲ့ ပတ်သက်ပြီး သူ့ကို သေသေချာချာ အစ်ကိုနိုင် မေးကြည့် ပါဦးမယ်'

'သူက အမှန်အတိုင်း ဝန်ခံပါ့မလား'

ယွန်းဝတီက ကြားက ဖြတ်မေးတယ်။

'ဟုတ်တယ် အစ်ကိုနိုင်'

ဇာခြည့်စကားကြောင့် နိုင်ကျော်စွာ နဖူးကြောထုံ့သွား တယ်။



www.burmeseclassic.com

www.burmeseclassic.com



'အင်းလေ၊ ဘာပဲဖြစ်ဖြစ် နောက်ဆုံးတော့ အဖြေက တစ်ခုတည်းပါပဲ၊ ဒီတော့ သူ ဘယ်လိုပြောမလဲဆိုတာ သူ့စကား ထဲမှာ အဖြေရှာကြည့်ရမှာပေါ့၊ စကားပုံလည်း အရှိသားပဲ၊ စကား စကား ပြောပါများ စကားတည်းက ဓာတ်ပြတဲ့၊ ဟုတ်တယ် မဟုတ်လား၊ အဲဒီလို...'

'အစ်ကိုနိုင် သဘောပဲ၊ အဲဒါတော့'

ဓာခြည့်စကားအဆုံးသတ်ချိန်မှာပဲ အိမ်ရှေ့အဝင်တံခါး ကို ခပ်ပြင်းပြင်းခေါက်သံ ကြားလိုက်ရတယ်။

'ခေါက်... ခေါက်... ခေါက်'

'ဘယ်သူများလဲ'

သုံးယောက်သား အကြည့်က ရောက်သွားရင်း ဇဝေဇဝါ ဖြစ်နေကြတယ်။ ဒီအခိုက်မှာပဲ အလိုက်သိစွာနဲ့ ယွန်းဝတီက တံခါးရှိရာကို ရောက်သွားတယ်။ တံခါး'ဘု'ကို လှည့်ဖွင့်ကြည့် တယ်။

ရုတ်တရက် အနက်ရောင်ကို ဝတ်ထားပြီး ဆံပင်တွေ ထိုးထိုးထောင်ထောင်နဲ့ တောက်ပနေတဲ့မျက်လုံးနီနီရဲရဲကြီး၊ ငေါ



www.burmeseclassic.com

www.burmeseclassic.com



ထွက်နေတဲ့ မေးရိုး၊ ငှက်နူတ်သီးလိုရှေ့ကိုကောက်ထွက်နေတဲ့ နှာခေါင်းကြီး၊ သွားရေတွေ တမြားမြားနဲ့ အောက်ကိုတွဲလောင်း ကျနေတဲ့ လျှာကြီး တွေ့လိုက်ရတဲ့ ကြောက်စရာသတ္တဝါတစ် ကောင်ရဲ့ မျက်နှာမျိုးကြောင့် ယွန်းဝတီ အထိတ်တလန့် ဖြစ်ကာ ရူးရူးဝါးဝါး အော်ဟစ်လိုက်တယ်။

'အောင်မယ်လေး လုပ်ကြပါဦး၊ ကြောက်စရာကြီး ဒီမှာ'

ယွန်းဝတီရဲ့ အလန့်တကြား အော်လိုက်တဲ့အသံကြောင့် နိုင်ကျော်စွာနဲ့ ဇာခြည်က ထိုင်ရာက ဝုန်းခနဲထကာ ယွန်းဝတီ ရှိရာကို ကမန်းကတမ်း ရောက်သွားကြတယ်။

'ဘာ… ဘာဖြစ်တာလဲ ယွန်းဝတီ'

ယွန်းဝတီက မျက်လုံးအကြောင်သား…

'ပြောစမ်းပါဦး၊ ဘာဖြစ်တာလဲ'

နိုင်ကျော်စွာက စိုးရိမ်တကြီးနဲ့ မေးတယ်။

'ဟို… အဲ… အင်း… ကြောက်စရာအကောင်ကြီး'

'ဘယ်မှာလဲ'

ဇာခြည်က တုန်လှုပ်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



'မရှိတော့ဘူး၊ အခု…'

'ဒါဆို ယွန်းဝတီ ချောက်ချားလို့ဖြစ်မှာပါ'

နိုင်ကျော်စွာက ကြောက်စိတ်ပြေပျောက်မှဲ့ စကားဆိုတယ်။

'မဟုတ်ဘူး ကိုနိုင်၊ ယွန်းဝတီ သေသေချာချာ တွေ့လိုက်ရတာ'

'ဒါဆိုရင်တော့ ဘာပြောရမှန်းတောင် မသိတော့ဘူး'

ယွန်းဝတီစကားကြောင့် နိုင်ကျော်စွာ စိတ်ပျက်သွားဟန်ပြတယ်။ ဒါပေမဲ့ အားလုံးက ယွန်းဝတီစကားကို စိတ်ဝင်စားနေကြတယ်။ ဘာလို့လဲဆိုတော့…

ကိုရဲ သေသွားပြီလေ။

* ◆ *



www.burmeseclassic.com

www.burmeseclassic.com

(၂၀)

'ဒေါက်… ဒေါက်… ဒေါက်…'

ဒီတစ်ခါတော့ တံခါးခေါက်သံကြောင့် သုံးယောက်သား တစ်ယောက်မျက်နှာကို တစ်ယောက်မော့ကြည့်နေမိကြတယ်။

'ဘယ်သူလဲ မသိဘူး'

ဇာခြည့်ရင်ထဲ ဒိတ်ခနဲ ဖြစ်သွားတယ်။

'သိချင်ရင် သွားဖွင့်ကြည့်လိုက်လေ'

တံခါးခေါက်သံကြောင့် သူတို့ စိတ်လှုပ်ရှားနေကြတယ်။

'ကဲ… ဒါဆိုလည်း ကိုနိုင်ပဲ သွားဖွင့်ကြည့်လိုက်ပါ့မယ်'



www.burmeseclassic.com

www.burmeseclassic.com



နိုင်ကျော်စွာရဲ့စကားကို ဇာခြည်နဲ့ ယွန်းဝတီက သဘောကျသွားတယ်။ နိုင်ကျော်စွာက တံခါးရှိရာရောက်တော့ တံခါး 'ဘု'ကို လှည့်ဖွင့်ကြည့်လိုက်ချိန်မှာ…

'ဟာ… ဟင်… အဲ…'

ပထမ ကြောင်အမ်းအမ်းဖြစ်သွားတယ်။ နောက်မှ

'အယ်… အန်ကယ်ဦးရဲဝင်းနဲ့ အန်တီ ဒေါ်ခင်ခင်သော် ပါလား၊ ဘယ်က လှည့်လာကြတာလဲ၊ လာလေ၊ အထဲကို…'

စကားဆုံးတော့ ဦးရဲဝင်းနဲ့ ဒေါ်ခင်ခင်သော်က အခန်းထဲကို ဝင်လာကြတယ်။

'ဟော…' အန်တီနဲ့ အန်ကယ်တို့ပါလား'

ဇာခြည်က အားတက်သရော လှမ်းပြောတယ်။ ဦးရဲဝင်းနဲ့ ဒေါ်ခင်ခင်သော်က မျက်နှာပေါ်မှာ အပြုံးနုနုကို ချိတ်ဆွဲရင်း ဆိုဖာဆက်တီခုံမှာ ထိုင်လိုက်ကြတယ်။

'အန်တီ့ရဲ့ချွေးမလောင်းလေး နေကောင်းရဲ့လားကွယ်'

ဒေါ်ခင်ခင်သော်က ဇာခြည့်မျက်နှာကို လှမ်းကြည့်ကာ



www.burmeseclassic.com

www.burmeseclassic.com



မေးတယ်။

'နေကောင်းပါတယ်၊ အန်တီရော…'

'အန်တီကတော့ သားကိုရဲဆုံးပြီးကတည်းက လူကတော့ နေကောင်းပြီး စိတ်က နေမကောင်းဖြစ်နေတာ အခုထိပဲ'

ဒေါ်ခင်ခင်သော်ရဲ့ စကားသံက ဝမ်းနည်းမှုအရောင်ဆိုး ထားတာကြောင့် ဓာခြည်လည်း စိတ်မကောင်းဖြစ်ကာ သက်ပြင်း သဲ့သဲ့ ရှိုက်ချတယ်။

'ကဲပါလေ၊ ဒါတွေထားပါတော့ လာရင်းကိစ္စပဲ ပြော ကြရအောင်'

ဦးရဲဝင်းက စကားဖြတ်ပြောတယ်။

'ဟုတ်ကဲ့… ပြောပါ အန်ကယ်'

နိုင်ကျော်စွာက စကားကိုဆက်တယ်။

'လာရတဲ့အကြောင်းကိစ္စကတော့ ဒီလိုကွယ့်၊ လာမယ့် (၂၄)ရက်နေ့ဆိုရင် ကိုရဲဆုံးသွားတာ (၆)လပြည့်သွားပြီ၊ ဒီတော့ ကိုရဲအတွက် ရည်စူးပြီး ကောင်းမှုတစ်ခုခုလုပ် မလို့၊ အဲဒါ သမီးဓာခြည်နဲ့ ကိုနိုင်ကျော်စွာရော၊ ပွင့်ဖူးဝတီ



www.burmeseclassic.com

www.burmeseclassic.com



ပါ အားလုံးကို ဖိတ်တာပဲ၊ လာဖြစ်အောင်လည်း လာကြရ မယ်နော်၊ အင်း… အဲ… နောက်ပြီးတော့ ကိုရဲသူငယ် ချင်း အောင်ကိုသက်ကိုလည်း အန်ကယ်တို့ ကိုယ်စား သွားဖိတ်ပေးပါဦး၊ အန်ကယ်တို့က အသက်အရွယ်ကြီး လာတော့ သိပ်မသွားနိုင်တော့လို့၊ အကူအညီ တောင်း တာပါ'

ဦးရဲဝင်းက အားနာသလိုဟန်နဲ့ ပြောတယ်။

'ရပါတယ်၊ စိတ်ချပါ၊ ကျွန်တော် သွားဖိတ်ပေးပါ့မယ်' နိုင်ကျော်စွာက ဝင်ပြောတယ်။

'ဒီလိုဆိုလည်း ကျေးဇူးပါပဲ'

အားလုံးဆက်ပြောစရာမရှိသလို ငြိမ်သက်နေတုန်းမှာ ပဲ။

'ဟိုမှာကြည့်စမ်းပါဦး၊ မောင်နိုင်ကျော်စွာတို့ မင်္ဂလာ ပွဲတုန်းက အမှတ်တရ ရိုက်ထားတဲ့ ဓာတ်ပုံထဲက ကိုရဲရဲ့ ပုံက ထူးခြားနေသလိုပဲ'

ရုတ်တရက် ကြားလိုက်ရတဲ့ ဒေါ်ခင်ခင်ဆွေ့အသံ ကြောင့် အားလုံးအကြည့်က နံရံပေါ်မှာ ချိတ်ထားတဲ့ ဓာတ်ပုံ



www.burmeseclassic.com

www.burmeseclassic.com



ဆီကို အကြည့်အမျိုးမျိုးနဲ့ ရောက်သွားကြတယ်။

ဦးရဲဝင်းက မျက်မှောင်ကုတ်ကြည့်တယ်။

ဒေါ်ခင်ခင်သော်က ပါးစပ်အဟောင်းသားနဲ့ကြည့်တယ်။

ဇာခြည်က ထိတ်လန့်သလိုကြည့်တယ်။

ယွန်းဝတီက မျက်လုံးပြူးမျက်ဆံပြူးနဲ့ ကြည့်တယ်။

နိုင်ကျော်စွာက ဉာဏ်စမ်းပုစ္ဆာတစ်ပုဒ်လို ကြည့်တယ်။

ဒါပေမဲ့ သူတို့အကြည့်တွေထဲမှာ ဓာတ်ပုံထဲက ကိုရဲဟာ ဘာမှမထူးခြား။ မပြောင်းလဲ။ ဒီမှာ ဦးရဲဝင်းက စိတ်ပျက်ပျက်နဲ့ သက်ပြင်းရှည်ကို ချလိုက်ကာ ပြောတယ်။

'မင်းသား ကိုရဲပုံက ဘာထူးခြားနေလို့လဲ၊ ပြောစမ်းပါဦး၊ ငါတို့တော့ ဘာမှမမြင်ဘူး၊ ထူးခြားတာဆိုလို့ ဒီအတိုင်းဟာ ဒီအတိုင်းပဲ'

'သေသေချာချာ ကြည့်စမ်းပါဦး အဖေကြီးရဲ့၊ သားကိုရဲရဲ့ မျက်လုံးက ကလယ်ကလယ်နဲ့ အားလုံးကို ဓာတ်ပုံထဲကနေပြီး လှမ်းကြည့်နေတယ်။ ဟော… အဲ… ပြောရင်းနဲ့ သူ့မျက်နှာက အရောင်ဖျော့သွားပြီ၊ အင်း…



www.burmeseclassic.com

www.burmeseclassic.com



အဲ… မျက်တွင်းကြီးဟောက်ပက် မေးရိုးကြီးတွေက လည်း ငေါထွက်ပြီး တဖြည်းဖြည်းနဲ့ ကြည့်ရင်း ကြည့် ရင်း…'

'အောင်မလေး ကြောက်စရာမျက်နှာကြီး ဖြစ်သွားပြီ'

စကားအဆုံးမှာ ကြောက်လန့်ချောက်ချားပြီး ဒေါ်ခင်ခင် သော် မိုက်ခနဲ မူးမေ့လဲကျသွားတယ်။

'အို'

'ဟာ'

'ဟင်'

'လုပ်ကြပါဦး'

စိုးရိမ်ထိတ်လန့်သံတွေက အခန်းထဲက လေဟုန်စီးပျံ ထွက်သွားကြတယ်။ ဒေါ်ခင်ခင်သော် ဖြစ်ပျက်ပုံနဲ့ ပတ်သက်ပြီး အားလုံးက အံ့ဩသလို စိတ်ဝင်တစား ဖြစ်နေကြတယ်။

ဒါပေမဲ့ ဒေါ်ခင်ခင်သော် ဘာလို့ ဒီလိုဖြစ်ရသလဲဆိုတာ ကိုတော့ မတွေ့မြင်ကြရဘူး။ ခဏကြာတော့ ဒေါ်ခင်ခင်သော် သတိပြန်လည်လာတယ်။ ပြီးတော့ သူ့ကို စိုးရိမ်တကြီးကြည့်နေ



www.burmeseclassic.com

www.burmeseclassic.com



ကြတဲ့ သူတို့အားလုံးကိုလည်း ကြောင်အမ်းအမ်း ငုံ့ကြည့်ရင်း ပြောတယ်။

'စောစောက သားကိုရဲ လာခေါ်လို့ လိုက်သွားတာ၊ သူနေတဲ့နေရာက အဝေးကြီးပဲ၊ အမယ်လေး မောလိုက်တာ၊ ၂၄ ရက်နေ့ကျရင် သူ့ကိုလည်း လာခဲ့ဖို့ မှာခဲ့သေးတယ်'

ဒေါ်ခင်ခင်သော် စကားအဆုံးမှာ အားလုံးက ခေါင်းကို ဖြည်းဖြည်းချင်း ညိတ်လိုက်ကြတယ်။

ဒီလိုပဲ ကိုရဲနဲ့ ပတ်သက်ပြီး ရှေ့ဆက်ဘယ်သူတွေ ဘယ်လိုဖြစ်ဦးမလဲဆိုတော့ ဘယ်သူကမှ မသိနိုင်ကြသေးဘူး။

* ♦ *

www.burmeseclassic.com

www.burmeseclassic.com

(၂၁)

'ဟာ… ကိုနိုင်'

အောင်ကိုသက်က နိုင်ကျော်စွာကို မြင်မြင်ချင်း ရယ်ရယ်မောမောဖြစ်သွားတယ်။ နိုင်ကျော်စွာက အောင်ကိုသက်ကို တစ်ချက်ပြုံးကြည့်တယ်။

'လာ… အစ်ကိုနိုင်… ထိုင်'

အောင်ကိုသက်က ဆက်ပြောတယ်။ နိုင်ကျော်စွာနဲ့အတူတူ သူလည်း ဆက်တီခုံမှာ ထိုင်လိုက်တယ်။

'ဒီကိုလာတာပဲလား'

'အင်း'



www.burmeseclassic.com

www.burmeseclassic.com



နိုင်ကျော်စွာက အင်းဆိုပြီး ခေါင်းညိတ်ပြတယ်။

'ကိစ္စရှိလား အစ်ကိုနိုင်'

အောင်ကိုသက်က စိတ်ထက်သန်စွာနဲ့ ပြောတယ်။

'အင်း'

'ဘာကိစ္စများပါလိမ့်'

'ကိုရဲ ကိစ္စ'

'ဗျာ'

နိုင်ကျော်စွာ စကားကြောင့် အောင်ကိုသက် မျက်နှာ အရောင်ပြောင်းသွားတယ်။ တကယ်တော့ သူတွေးထင်ထားတာက ဇာခြည်နဲ့သူ့ကိစ္စများလားလို့ အခုသူထင်ထားသလို မဟုတ်တော့။

အခုလိုဖြစ်သွားရတာပေါ့။

'ဟုတ်တယ်၊ ကိုရဲရဲ့ ကိစ္စပဲ'

'ဘာဖြစ်လို့လဲ ကိုရဲ'

'သူသေဆုံးသွားတာ လာမယ့် ၂၄ ရက်နေ့ဆို ၆ လ ပြည့်ပြီတဲ့၊ အဲဒါ သူ့မိဘတွေက သူ့အတွက် ရည်စူးပြီး

www.burmeseclassic.com

www.burmeseclassic.com



ကုသိုလ်ကောင်းမှု ပြုလုပ်ဖို့ မင်းကို ဖိတ်ခိုင်းလိုက်လို့ လာခဲ့ရတာပဲ'

နိုင်ကျော်စွာက သူလာရတဲ့အကြောင်းကိစ္စကို ပြောပြလိုက်တော့မှ အောင်ကိုသက်က ပေါ့ပေါ့ပါးပါးနဲ့ သက်ပြင်းချတော့တယ်။

'ကျေးဇူးပဲ အစ်ကိုနိုင်၊ ဒါနဲ့ ရောက်တုန်းရောက်ခိုက် သွေးပူလေ့ကျင့်ခန်း လုပ်သွားပါဦးလား၊ ကောလင်းက မိတ်ဆွေတစ်ယောက် လက်ဆောင်လာပေးထားတဲ့ ဆတ်သားခြောက်တွေလည်း ရှိလို့၊ ဒီမှာက ဆတ်သားခြောက် စစ်စစ်စားရဖို့မလွယ်ဘူး'

'အင်းလေ ဒါဆိုလည်း ကွင်းကလည်းကောင်းတော့ တစ်လုံးလောက်တော့ ကန်ကြသေးတာပေါ့ကွာ'

'အိုကေ··· ကျွန်တော် သွားယူလိုက်ဦးမယ်၊ ဒါဆို'

ပြောပြီး အောင်ကိုသက်က မီးဖိုခန်းထဲကို သွက်သွက်လက်လက် ဝင်သွားတယ်။ အချိန်အတော်ကြာတော့ ဆတ်သားခြောက်ကြော်ပန်းကန်နဲ့ ဝီစကီတစ်လုံး ဖန်ခွက်နှစ်လုံး သူ့လက်



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ ပါလာတယ်။ ပြီးတော့ နိုင်ကျော်စွာထိုင်နေတဲ့ ဆက်တီခုံ ရှေ့က စားပွဲဝိုင်းပေါ်မှာ အားလုံးကို တင်ထားလိုက်တယ်။

'ဟာ… ဆိတ်သားခြောက်ကြော်လေးက မွှေးနေတာပဲ'

နှာခေါင်းဝမှာ ဝေ့ဝဲလွင့်နေတဲ့ ဆိတ်သားခြောက်ကြော် နံ့ကို ရှူရှိုက်ကာ နိုင်ကျော်စွာက ပြောတယ်။

'အဲဒါကြောင့် ပြောတာပေါ့၊ အစ်ကိုနိုင့်ကို'

'ဒါဆိုလည်း ကွင်းဖွင့်ပွဲ စလိုက်ကြရအောင်'

နိုင်ကျော်စွာ စကားကြောင့် အလိုက်သိသိနဲ့ အောင်ကို သက်က ဝီစကီပုလင်းကို စတင်ဖွင့်လိုက်တယ်။

ပြီးတော့ ဖန်ခွက်နှစ်လုံးထဲကို အချိုးအဆညီမျှစွာနဲ့ ထည့်တယ်။

'ကဲ… အစ်ကိုနိုင်'

အောင်ကိုသက်က စကားကို ဆက်မပြောတော့ဘဲ ဖန် ခွက်ကို မေးငေါ့ပြတယ်။ ဒီမှာ နိုင်ကျော်စွာက သူ့အပြုအရောကို နားလည်သဘောပေါက်စွာနဲ့ စားပွဲပေါ်က ဖန်ခွက်ကို ကောက်



www.burmeseclassic.com

www.burmeseclassic.com



ကိုင်တယ်။ အောင်ကိုသက်ကလည်း ဖျတ်ခနဲ [illegible] ယူတယ်။

ပြီးတော့ နှစ်ယောက်သား ဖန်ခွက်နှုတ်ခမ်းချင်း[illegible] မော့သောက်ကြတယ်။ သောက်ပြီး နိုင်ကျော်စွာက ပန်းကန်ထဲက ဆိတ်သားခြောက်ကြော်တစ်တုံးကို ကောက်ယူကာ ဝါးတယ်။

'အဲ… ဆိတ်သားခြောက်က တယ်ချိုပါလား'

'ဟုတ်တယ် အစ်ကိုနိုင်၊ စား… ဒါမျိုးက စားရခဲတယ်'

အောင်ကိုသက်က နိုင်ကျော်စွာကို ပြုံးကြည့်ကာပြောရင်း ဖန်ခွက်ကို လှမ်းယူပြီး အရက်ထပ်ငှဲ့ပေးပြန်တယ်။

'ဒါနဲ့ မင်းကို ပြောရဦးမယ်'

နိုင်ကျော်စွာက စကားအစပျိုးတယ်။

'ပြော… ဘာများပါလိမ့်'

နိုင်ကျော်စွာ စကားကို အောင်ကိုသက် စိတ်ဝင်စားသလို ဖြစ်သွားတယ်။

'ဒီလိုကွ'

'ပြော'

www.burmeseclassic.com

www.burmeseclassic.com



'ကိုရဲ့ သေရတာနဲ့ပတ်သက်ပြီး ငါ့ကို မင်းပြောပြနိုင်မလား'

ပြောရင်း နိုင်ကျော်စွာက အရက်ဖန်ခွက်ကို လိုလားစွာနဲ့ လှမ်းယူတယ်။ အောင်ကိုသက်က သက်ပြင်းတစ်ချက်ချကာ ပြောတယ်။

'အစ်ကိုနိုင် သိချင်တယ်ဆိုရင်တော့ ပြောပြရမှာပေါ့'

'ပြောကွာ၊ သိချင်တယ်၊ ဒါဆို'

ဒီမှာ အောင်ကိုသက်က စပြောဖို့ တွက်စဉ်းစားနေတယ်။ ဘယ်ကနေ စပြောရမလဲ ဟုတ်ပြီ။

မှတ်မိပြီ။

'ကြီးမားတဲ့ ချောက်ကမ်းပါးပေါ်ရောက်တော့ ကြောက်စရာမြင်ကွင်းက စတော့တာပဲ။ ချောက်ကမ်းပါးရဲ့ အစွန်းမှာ ဆတ်တစ်ကောင်ကို လှမ်းတွေ့မြင်ရတယ်။

ဒီမှာ သူက နီးနီးကပ်ကပ် မလွတ်တမ်းပစ်ခတ်ဖို့တွက်ဆိုပြီး ချောက်ကမ်းပါးကို ကုတ်ကပ်တက်သွားတယ်။ တက်သွားရင်း ဆတ်ကိုရချင်ဇောနဲ့ စိတ်ပါပြီး ဆင်ခြေ

www.burmeseclassic.com

www.burmeseclassic.com



လျှောဘက်ကို စွန့်စားသွားသလို ဖြစ်သွားတယ်။ ကျွန်တော်က သတိထားမိလို့ သူ့ကိုလှမ်းအော်ပြီး သတိပေးတယ်။ ဒါပေမဲ့ ကျွန်တော် သတိပေးတာ အရမ်းကိုနောက်ကျသွားပါတယ်။ ဘာလို့လဲဆိုတော့ အဲဒီအချိန်မှာ သူက ချောက်ကမ်းပါးအစွန်းဘက်ကို လျှောကျသွားပါပြီ။

ဒီမှာ ဆုပ်ကိုင်စရာကလည်း ဘာမှမရှိဘဲ ဖန်သားပြင်လိုချောနေတာ၊ ဒါနဲ့ ကျွန်တော့်ရဲ့ အပေါ်ကုတ်အင်္ကျီကို ဖြုတ်ဆုပ်လိုက်ပြီး အဝတ်စကို သေနတ်ဒင်မှာချည်ပြီး သူ့ဆီပစ်ချပေးပါတယ်။

ဒါပေမဲ့ သူနဲ့မမီဘူး။ နောက်ထပ် အတွင်းအင်္ကျီကို ဆုပ်ဖြုပြီး ထပ်ဆက်လိုက်တယ်။ အဲဒီအချိန်မှာပဲ သူဟာ ချောက်ကမ်းပါးစွန်းကို သွေးရူးသွေးတန်းနဲ့ တွယ်ကုပ်ထားတယ်။

မကြာပါဘူး စက္ကန့်ပိုင်းလောက်မှာပဲ ချောက်ကမ်းပါးကြီးထဲကို သူ ပြုတ်ကျသွားလေရော။ သူက အဲဒီအဖြစ်



www.burmeseclassic.com

www.burmeseclassic.com



အပျက်အားလုံးကို အစ်ကိုနိုင်နဲ့ဓာခြည်ကို ပြောပြပေးဖို့တောင် မှာမသွားနိုင်ရှာဘူး။

ဒီလိုနဲ့ သူ့ကံကြမ္မာက အဆုံးသတ်သွားတော့တာပါပဲ'

နောက်ဆုံးစကားကို ပြောနေဆဲမှာပဲ အောင်ကိုသက်ရဲ့မေးရိုးကြီးတွေက ထောင်ကြွလာသလို မျက်လုံးကြီးတွေကလည်း ပြူးထွက်လာပြီး ရုတ်တရက်…

'ဟိုက်… ဟာ… ဟိုမှာ… ဟိုမှာ'

နိုင်ကျော်စွာကို ထိတ်ထိတ်လန့်လန့်နဲ့ ပြောရင်း နိုင်ကျော်စွာ နောက်က ဘာစ်စုံတစ်ရာကို ညွှန်ပြကာထိုင်ရာကနေ 'ဝုန်းခနဲ' ထခုန်လိုက်တယ်။ နောက် သူဟာ သေနတ်နဲ့အပစ်ခံလိုက်ရတဲ့သူလို လက်နှစ်ဖက်ကိုမြှောက်ကာ ရူးရူးဝါးဝါးအော်ဟစ်ရင်း ပြေးထွက်သွားတာကို နိုင်ကျော်စွာ စိတ်လှုပ်ရှားစွာနဲ့ မြင်တွေ့လိုက်ရတယ်။

'ဟာ… ဘယ်လိုဖြစ်တာလဲ အောင်ကိုသက်'

အောင်ကိုသက်အဖြစ်ကိုကြည့်ပြီး နိုင်ကျော်စွာ ဒီတော့ထဲက နားမလည်နိုင်သလိုနဲ့ သူညွှန်ပြတဲ့နေရာကို ဖျတ်ခနဲ မဝံ့မရဲ



www.burmeseclassic.com

www.burmeseclassic.com



လှည့်ကြည့်လိုက်မိတော့…

'ငွမ်း'ခနဲ စားပွဲပေါ်က ဆိတ်သားခြောက်ပန်းကန်က ကျကွဲသွားတယ်။ သူ့လက်နဲ့ပဲ မတော်တဆတိုက်လိုက်မိသလား။ တစ်စုံတစ်ရာကပဲ ဆွဲယူပစ်ချလိုက်သလား။

ဘာလား။ ညာလား သူ့စိတ်ထဲက ဝေခွဲစဉ်းစားမရခင်မှာပဲ….

'ကျွီ… ကျွီ… ကျွီ…'

အသံနဲ့အတူ အမွေးအမျှင်အရှည်ကြီးနဲ့ မြင်ဖူးလောက်အောင် ကြီးမားတဲ့ကြွက်ကြီးတစ်ကောင်ကကြမ်းပြင်ပေါ် ပြန့်ကြဲနေတဲ့ ဆိတ်သားခြောက်ကြော်တွေကို အငမ်းမရ လာစားနေတာကို တအံ့တဩ တွေ့နေရတော့တယ်။

ကိုရဲက ဆိတ်တစ်ကောင်ကို သေနတ်နဲ့ပစ်ခတ်ဖို့ ကြိုးစားကြံစည်ရင်းက ချောက်ကမ်းပါးအစွန်းကနေ လျှောကျပြီး သေဆုံးသွားရတာတဲ့။

ဒါ့ဆို အခုကြွက်ကြီးက ဆိတ်သားခြောက်ကြော်တွေကို ထူးထူးခြားခြား လာစားနေတာဆိုတော့…



www.burmeseclassic.com

www.burmeseclassic.com



အတွေးပေါင်းစုံကြောင့် နိုင်ကျော်စွာ သက်ပြင်းချလိုက်တယ်။

ဖြစ်နိုင်တယ်။

အင်း… သိပြီ။

အဲဒါပဲ။

* ♦ *



www.burmeseclassic.com

www.burmeseclassic.com

## (၂၂)

'စခြည်'

'ဟော... အဲ... ကိုအောင်ကိုသက်'

စခြည့်အသံကြောင့် အောင်ကိုသက့် မျက်နှာပေါ်က အပြုံးက ပိုပြီးပီပြင်သွားတယ်။

'အစ်ကိုနိုင်တို့ရော မတွေ့ပါလား'

'အပြင်သွားကြတယ်'

'ဘာကိစ္စရှိလို့လဲ ပြောလေ'



www.burmeseclassic.com

www.burmeseclassic.com



'မေးကြည့်တာပါ၊ မရှိပါဘူး'

ပြောပြီးတော့ သူ ဘာဆက်ပြောရမှန်းမသိ ဖြစ်သွား တယ်။

'ပြီးတာပဲ၊ ဒါဆိုလည်း'

ဇာခြည့်မျက်စောင်းတစ်ခုက သူ့မျက်နှာပေါ် ဝေ့ဝဲသွား တယ်။ အတော်လေးကြာတော့မှ သူက ဆက်ပြောတယ်။

'ကျွန်တော် ဒီတစ်ခေါက်သဘောပြန်မတွက်ခင် ...'

သူက ပြောရင်း ချင့်ချင်ချိန်ချိန်ဟန်နဲ့ ဆက်ပြောရမဲ့ စကားအတွက် စဉ်းစားနေတယ်။

'ဘာဖြစ်လဲ၊ အဲဒါ'

'အဲဒါကြောင့်မို့ ကျွန်တော် သဘောမတွက်ခင် ဇာခြည့် ရဲ့အဆုံးအဖြတ်တစ်ခုကို ကျွန်တော် သိသွားချင်တယ်။ ဒါမှလည်း ကျွန်တော် သွားရမယ့်ခရီးအတွက် စိတ်ဖြောင့် ဖြောင့်သွားနိုင်မှာ မဟုတ်လား၊ နို့မဟုတ်ရင် တအုံနွေးနွေး နဲ့ ဘာလုပ်လုပ် အဆင်ပြေမှာ မဟုတ်ဘူး ဇာခြည်၊ ဒီ တော့...'



www.burmeseclassic.com

www.burmeseclassic.com



'ဒီတော့ ဇာခြည်ဘာလုပ်ပေးရမှာလဲ'

ဇာခြည်က တမင်သက်သက် မသိချင်ဟန်ဆောင်ပြီး မေးတယ်။

'ဇာခြည်သိပါတယ်၊ ဒီလောက်ဆိုရင်'

သူက ဇာခြည်မျက်နှာကို မချင့်မရဲလေးကြည့်ကာပြောတယ်။

'ဒါဆိုလည်း ကိုအောင်ကိုသက်အတွက် အကောင်းဆုံး အဆုံးအဖြတ်တစ်ခုကို ဇာခြည်စဉ်းစားပေးပါ့မယ်'

'ဗျာ'

ဇာခြည့်စကားကြောင့် ကြည်နူးအံ့သြရိပ်တွေ ဖိတ်ကျကာ သူ့မျက်နှာလဲ့ဝင်းသွားတယ်။

'ကိုအောင်ကိုသက် အံ့သြသွားသလား'

'အင်း'

'ဒါဖြင့်'

'ပြော'

ဇာခြည့်စကားကို မစောင့်စားနိုင်သလိုနဲ့ သူက အင



www.burmeseclassic.com

www.burmeseclassic.com



တႀကီးျဖစ္သြားတယ္။

'အင္း... ေျပာမယ္၊ လာမယ့္ ၂၄ ရက္ ကိုရဲ (၆)လ ေစ့တိတိျပည့္တဲ့ေန႔မွာ ဇာခြည္ရဲ႕အဆံုးအျဖတ္ကို ကိုေအာင္ကိုသက္ သိရရင္ ေက်နပ္ၿပီမဟုတ္လား'

'အိုေက ေက်နပ္ၿပီ ဇာခြည္'

ဇာခြည္ရဲ႕ စကားအဆံုးမွာ ေအာင္ကိုသက္ မ်က္ႏွာက ၾကည္ႏူးစြာနဲ႔ၿပံဳးသြားတယ္။ ၿပီးေတာ့ သူ႔ႏွလံုးသားကလည္း ၿပံဳးသြားတယ္။

ဇာခြည္ရဲ႕ မ်က္ႏွာကေတာ့ တည္တည္ၿငိမ္ၿငိမ္နဲ႔ ဣေျႏၵ ရရေလးပဲ။

ၿပီးေတာ့ သူတို႔ႏွစ္ေယာက္စကားလံုးေတြ ေသဆံုးကာ ၿငိမ္သက္တိတ္ဆိတ္ေနၾကစဥ္မွာပဲ တံခါးကို ခပ္ျပင္းျပင္းေခါက္ သံ ၾကားလိုက္ရတယ္။

'ေဒါက္... ေဒါက္... ေဒါက္...'

'ေဟာ... အစ္ကိုႏိုင္တို႔ ျပန္လာၾကၿပီထင္တယ္'

ဇာခြည္က ရုတ္တရက္ေျပာရင္းထိုင္ရာက ဆတ္ခနဲ



www.burmeseclassic.com

www.burmeseclassic.com



ထကာ တံခါးဆီကို ရောက်သွားတယ်။ တံခါး'ဘု'ကို လှည့်ဖွင့်ကြည့်လိုက်တော့…

အပြင်ဘက်မှာ ဘယ်သူမှမရှိဘူး။

'ဟင်… ဘယ်သူမှလည်း မတွေ့ပါလား'

ဟိုဟိုဒီဒီကို မျက်လုံးဝေ့ဝဲကြည့်ရင်း ဓာခြည် စိမ့်ခနဲကျောချမ်းသွားတယ်။ နောက်မှ တံခါးကို ပြန်ပိတ်ပြီး လျှောက်လာတော့

'ဓာခြည်…ကျွန်တော့်ဆီကိုမလာနဲ့၊ ကျွန်တော် ကြောက်တယ်၊ ဓာခြည့်မျက်နှာကြီးကို မကြည့်ရဲဘူး'

အောင်ကိုသက်က ဓာခြည့်ကို ကြည့်ကာ တုန်လှုပ်ကြောက်ရွံ့စွာနဲ့ အော်ပြောတယ်။

'ဓာခြည့်မျက်နှာက ဘာဖြစ်နေလို့လဲ'

စဉ်းစားမရသလိုနဲ့ ဓာခြည်က မျက်မှောင်တစ်ချက်ကုတ်ကာ မေးတယ်။

'ဟို… အင်း… အဲ… မျက်လုံးကြီးတွေက နိုရဲ တောက်ပပြီး နှုတ်ခမ်းထောင့်စွန်းနှစ်ဖက်က ချွန်မြ

www.burmeseclassic.com

www.burmeseclassic.com



ထက်မြနေတဲ့ အစွယ်နှစ်ချောင်းနဲ့ ရှည်လျားပြီး တွဲလောင်းကျနေတဲ့ လျှာနီနီရဲရဲကြီးနဲ့... ကြောက်စရာကြီး၊ အနားမကပ်နဲ့တော့ ဓာခြည်'

'ဘာတွေဖြစ်နေတာလဲ၊ ဘာတွေပြောနေတာလဲ ကိုအောင်ကိုသက်၊ ဓာခြည် ဘာမှနားမလည်နိုင်တော့ဘူး'

ဓာခြည်က ပြောရင်း ရှေ့တိုးသွားတယ်။

'မလာနဲ့ ဓာခြည်၊ ကြောက်တယ်၊ ကျွန်တော် ကြောက်တယ်၊ ရှေ့တိုးမလာပါနဲ့တော့'

အောင်ကိုသက်က နောက်ကို တွန့်ဆုတ်၊ တွန့်ဆုတ်လုပ်ရင်း ကြောက်ရွံ့တုန်လှုပ်စွာနဲ့ ကယောင်ကတမ်းပြောတယ်။ ဓာခြည်ကလည်း ဘာမှန်းမသိဖြစ်နေတဲ့ အောင်ကိုသက်ကို ကြောင်အမ်းအမ်းနဲ့ ကြည့်ရင်း ရှေ့ကိုတိုးမြဲ တိုးသွားတယ်။

'ရှေ့တိုးမလာနဲ့တော့ ဓာခြည်၊ ကျွန်တော် ကြောက်တယ်၊ ဓာခြည် မျက်နှာကြီးကိုလည်း မကြည့်ရဲဘူး၊ မကြည့်ရဲဘူး၊ ကြောက်တယ်'

ပြောပြောဆိုဆို ကြောက်စိတ်တွေကြောင့် တစ်ကိုယ်လုံး



www.burmeseclassic.com

www.burmeseclassic.com



ချွေးတွေရွှဲနစ်ကာ အောင်ကိုသက် ကြံရာမရနဲ့ နောက်ဆုံး ဧည့်ခန်းထဲက ကမန်းကတန်းပြေးထွက်သွားတော့တယ်။ ဒီတော့မှ ခါခြည်က သူ့ကိုယ်သူသတိရကာ အိပ်ခန်းထဲက မှန်တင်ခုံကမှန်ကို သွားကြည့်တယ်။ သူ့မျက်နှာဟာ အောင်ကိုသက် ပြောသလို တကယ်ကြောက်စရာကြီးများ ဖြစ်နေပြီလား။ မရဲတရဲနဲ့ သူ့မျက်နှာကို မှန်ထဲကြည့်လိုက်ချိန်မှာတော့...

ခါခြည့်ရဲ့ နဂိုမျက်နှာအလှက မှန်ထဲမှာ ပေါ်ထင်နေဆဲ။ ဒါကို အောင်ကိုသက် ဘာယ်လိုဖြစ်ရတာလဲ။ ခါခြည် စဉ်းစားတွေးလို့မရတော့။

တစ်ခုတော့ သူ စဉ်းစားလိုက်မိတယ်။

အောင်ကိုသက်စိတ်က ပုံမှန်မဟုတ်သေးရဲ့လားလို့။ ဒါမှမဟုတ် သေဆုံးသွားတဲ့ ကိုရဲနဲ့များ ပတ်သက်နေမလား။

* ♦ *

www.burmeseclassic.com

www.burmeseclassic.com

(၂၃)

(၂၃)ရက်နေ့ည . . .။

အောင်ကိုသက်က ဓာခြည်ပြောထားတဲ့ စကားကို တမြုံ့မြုံ့မြည်းရင်း ပြတင်းပေါက်နားက စားပွဲမှာ ဝီစကီသောက်နေတယ်။

လရောင်ဖြူဖြူလေးရဲ့ အရိပ်က ပြတင်းပေါက်ကနေ အခန်းထဲကို ဖိတ်ကျနေတယ်။

(၂၄)ရက်နေ့ ကိုရဲသေဆုံးပြီး (၆)လပြည့်တဲ့နေ့မှာ ဓာခြည်က ငါ့ကို အကောင်းဆုံး ဆုံးဖြတ်ချက်တစ်ခုပေးမယ်တဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ငါမျှော်လင့်ထားသလိုမှ အိပ်မက်က ပွင့်ဖူးလာနိုင်ပါ့မလား။

ဘာလို့လဲဆိုတော့ ဒီမှာ သူ့ရဲ့အကြံအစည်တစ်ခုက ရုတ်တရက်အတွေးထဲကို ဖျတ်ခနဲ ကူးခတ်ရောက်လာတယ်။

'ငါ ဝန်ခံပါတယ်၊ ငါ့ကို ခွင့်လွှတ်ပါ ကိုရဲ၊ မင်းကို ချောက်ကမ်းပါးစွန်းက တွန်းချပစ်ခဲ့တာ ငါပါကွာ၊ ဒါကလည်း ငါ့အချစ်အတွက် မကောင်းဆိုးဝါးတစ်ကောင်ရဲ့ စိတ်ကြောင့် ဒီပြစ်မှုကို ကြံစည်လိုက်မိတာပါ၊ ဒါကတော့ ဓာခြည့်ရဲ့အချစ်က ငါ့ကို သွေးဆောင်နေလို့ပဲ၊ ဒါပေမဲ့ သူ့အချစ်က ငါထင်ထားသလို ငါ့စကားကို နားမထောင်ခဲ့ဘူး၊ ငါ့နှလုံးသားကို ရှောင်ခွာခွာလုပ်နေတယ်၊ ဒီလိုဖြစ်ရတာကလည်း ငါထင်တယ်၊ မင်းကိုသတ်တဲ့ တရားခံအဖြစ် ငါ့ကိုသိနေသလိုပဲ၊ အင်းလေ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် သူပြောထားသလို မင်းသေဆုံးသွားပြီး (၆)လပြည့်တဲ့နေ့ (၂၄)ရက်နေ့ မနက်ကိုတော့ စောင့်ကြည့်ရဦးမှာပေါ့ကွာ၊ သူ့ရဲ့ဆုံးဖြတ်ချက်က ငါ့အတွက် ဘယ်လိုလဲ

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ'

'ဒီမှာ အောင်ကိုသက်၊ မင်းထင်ထား မျှော်လင့်ထား သလို ဇာခြည့်ရဲ့အချစ်ကို ဘယ်တော့မှ မင်းမရစေရဘူး'

စိတ်လှုပ်ရှားစွာ စိတ်ကူးတွေး၊ တွေးနေစဉ်မှာပဲ အသံ တစ်ခုကို မထင်မှတ်ဘဲ အောင်ကိုသက် ကြားလိုက်ရတယ်။

ပြီးတော့ အရိပ်တစ်ခုက သူ့ကိုငေးစိုက်ကြည့်နေပုံမျိုး နံရံပေါ်မှာ လရောင်နဲ့ ထင်ဟပ်လာတယ်။

'ဟာ... အင်... ဘာကြီးလဲ'

သူ မူးရီဝေသံနဲ့ ပြောရင်း ထိတ်လန့်သွားတယ်။

'ဘာကြီးလဲဆိုတာ မင်းသိချင်လို့ မြင်ချင်လား'

အသံကို သူဆက်ကြားရပြန်တယ်။

ဒီမှာ သူ့ရဲ့လက်တစ်ဖက်က သေနတ်ပေါ် ဖျတ်ခနဲ တင် ထားရင်းက ပြောတယ်။

'ပြလေကွာ၊ သိချင်မြင်ချင်တယ်'

စကားဆုံးတော့ အရိပ်ကြီးက နံရံပေါ်မှာ လှုပ်ရှားရှား ဖြစ်လာတယ်။ သူက အငမ်းမရ ဝီစကီဖန်ခွက်ကို လှမ်းယူကာ



www.burmeseclassic.com

www.burmeseclassic.com



မော့သောက်တယ်။ တဖြည်းဖြည်းနဲ့ အရိပ်ကြီးက လှုပ်ရှားရှည်လျားလာရင်း ဖြူဖပ်ဖြူရော်နဲ့ လူသေကောင်မျက်နှာမျိုးကြီးပေါ်လာတယ်။

'ဟိုက်… ဟင်… ဟာ… ဒီမျက်နှာကြီးက…'

မျက်မှောင်ကုတ်ကာ ကြည့်ရင်း နောက်ဆုံး သူတွေ့လိုက်ရတဲ့ ကိုရဲရဲ့ သွေးရူးသွေးတန်း မျက်နှာကို ရုတ်တရက်မြင်ယောင်လာပြီး ထိတ်ထိတ်လန့်လန့်နဲ့ သေနတ်ကို ကောက်ယူကိုင်ကာ ခလုတ်ကို လက်ညှိုးနဲ့ တော့ထားတယ်။

ဒီအချိန်မှာပဲ တွေ့မြင်နေရတဲ့မျက်နှာကြီးက ကြောက်မက်ဖွယ်ကောင်းလောက်အောင် မျက်လုံးကြီးတွေ တောက်ပပြူးထွက်၊ မေးရိုးကြီးတွေငေါ်ထွက်၊ ဖြူဖွေးပြီး မညီညာတဲ့သွားကြီးတွေက ရှေ့ကို ခေါထွက်ရှည်လျားနီရဲနေတဲ့ လျှာကြီးကလည်း တွဲလောင်း၊ ခန္ဓာကိုယ်ကလည်း အရိုးစုကြီး ဟိုယိမ်းဒီယိမ်း လက်ကားကား ခြေကားကား။

'ဟာ… ကြောက်စရာကြီးပါလား'

သေသေချာချာကြည့်ရင်း တုန်လှုပ်ချောက်ချားပြီး သူ

www.burmeseclassic.com

www.burmeseclassic.com



ကြောက်ကြောက်လန့်လန့်နဲ့ သေနတ်ခလုတ်ကို လက်ညှိုးနဲ့ တော့ဖြုတ်လိုက်တယ်။

'ဒိုင်း'

သေနတ်သံနဲ့အတူ စိမ့်းရင်ရောင် မီးခိုးမှိုင်းတွေ လွင့်ပျံ့ထွက်သွားတယ်။ ပြီးတော့ အရိုးစု အရိပ်ကြီးကလည်း လှစ်ခနဲ ချက်ချင်းပျောက်သွားတယ်။

'ဟင်… ဟာ… အယ်…'

ထူးဆန်းမှုကြောင့် သူ အံ့သြထိတ်လန့်တုန်လှုပ်နေတယ်။

'ဘယ်ကို လိုက်ရှာနေတာလဲ၊ ငါ ဒီမှာ မင်းနောက်မှာ အောင်ကိုသက်၊ ဝူး… ဝူး… ဝါး… ဝါး… ဟား… ဟား'

အသံပေါင်းစုံ ရယ်သံတွေနဲ့အတူ အရိုးစုအရိပ်ကြီးက ဖျတ်ခနဲ ပေါ်လာပြန်တယ်။

'ဟော… ပေါ်လာပြန်ပြီ၊ ခန္ဓာကိုယ်အရိုးစုအရိပ်ကြီး' မျက်လုံးပြူး မျက်ဆံပြူးနဲ့ကြည့်ကာ သူ့တစ်ကိုယ်လုံး တုန်လှုပ်ချောက်ချားလာတယ်။



www.burmeseclassic.com

www.burmeseclassic.com



'မင်းကို ငါပြောထားတယ် မဟုတ်လား အောင်ကို သက်၊ ငါရှိရာ မင်းမလာရင် မင်းရှိရာ ငါလာခေါ်ရမှာပဲ၊ ဒီတစ် ခါတော့ မင်း ငါ့နောက်ကို လိုက်ကိုလိုက်ခဲ့ရမယ်၊ မင်း မလိုက် ဘူးဆိုရင် ငါ မပြန်တော့ဘူး အောင်ကို သက်၊ ဟင်း… ဟင်း… ဟင်း…'

အရိပ်ကြီးဆီက အသံညြညြကြီး ထွက်လာတာကို သူ ထိတ်လန့်တကြား ကြားလိုက်ရတယ်။

ဒီစကားကြောင့် သူဒေါသဖြစ်သွားတယ်။ အရက်အရှိန် ကလည်း မပြယ်သေး…

'မင်းမပြန်ရင် ပြန်အောင်လုပ်ရမှာပေါ့၊ ဒီမှာကြည့်ထား ငရဲ'

ပြောရင်း အရိပ်ကြီးကို သေသေချာချာနဲ့ ချိန်ပြီး ခလုတ် ကို ဆက်တိုက်ဖြုတ်ချလိုက်တယ်။

'ဒိုင်း'

'ဒိုင်း'

'ဒိုင်း'



www.burmeseclassic.com

www.burmeseclassic.com



•

သေနတ်သံတွေနဲ့အတူ အရိပ်ကြီးက ချက်ချင်းပျောက်သွားတယ်။ ဒီမြင်ကွင်းကြောင့် သူ အံ့ဩတုန်လှုပ်သွားတယ်။

ဘာဆက်လုပ်ရတော့မလဲ။ သေနတ်ကလည်း ကျည်ဆံကုန်သွားပြီ။ ဒါကိုလည်း သူသိထားပြီးပြီ။

'ဒီတစ်ခါတော့ ငါ့အလှည့်ပဲ အောင်ကိုသက်၊ ငါက ခေါ်သလို မင်းတစ်ခါထဲ လိုက်ခဲ့ရတော့မယ်'

ကောားသံတစ်ခု အဆုံးမှာ အရိပ်ကြီးက ဖျတ်ခနဲ ပေါ်လာပြီး ရှေ့ကို လက်နှစ်ဖက်ဆွဲထုတ်ဆန့်တန်းလိုက်တယ်။

သူ့လည်မြိုနားမှာ လက်နှစ်ဖက်က တုန့်ခနဲ တန့်သွားတယ်။

'အောင်မလေး… ကြောက်စရာ လက်ကြီးနှစ်ဖက်'

သူ ကြောက်ရွံ့တုန်လှုပ်ပြီး တွန့်ဆုတ် တွန့်ဆုတ်နဲ့ နောက်ကို ဆုတ်သွားတယ်။

'မင်း… ငါနဲ့ လိုက်ခဲ့မယ် မဟုတ်လား၊ ပြော… မလိုက်ဘူးလား၊ ပြော… ဟား… ဟား… ဟား… ဟီး… ဟီး… ဟီး…'



www.burmeseclassic.com

www.burmeseclassic.com



တဟီးဟီးတဟားဟားရယ်ရင်း အရိပ်ကြီးက သူ့ရှေ့တည့်တည့်ကို တရွေ့ရွေ့တိုးတိုးလာတယ်။

'ဟော့ကောင်… ငရဲ မင်းရှေ့တိုးမလာနဲ့၊ ငါကြောက်တယ်၊ မင်းကို ငါ ချောက်ထဲတွန်းချတယ်ဆိုတာ ငါ ဝန်ခံပြီးပြီပဲ'

ရှုံ့မဲ့လျှား လှုပ်ရှားနေတဲ့ အရိပ်ကြီးကို မော့ကြည့်ကာ သူက တုန်တုန်ရီရီနဲ့ပြောတယ်။

အရိပ်ကြီးရဲ့ လက်နှစ်ဖက်က သူ့လည်မြို့ကို ကြိုးတစ်ချောင်းလို လိမ်ဖျစ်ညှစ်ပြီး သတ်ဖို့အတွက် လေဟုန်ထဲမှာ အရှိန်ယူနေစဉ်မှာပဲ သူက 'ဖျတ်'ခနဲ တိမ်းရှောင်လိုက်တယ်။

ဒါပေမဲ့ အရက်ရှိန်ကြောင့်ပဲလား ဒါမှမဟုတ် အရှိန်လွန်သွားလို့ပဲလား။

သူ ဘာမှန်းမသိ။

သူ သိလိုက်တာကတော့ သူ ခြေလွတ်လက်လွတ်ဖြစ်ပြီး အိမ်ရှေ့တံခါးပေါက် လှေကားကနေ အောက်ကို တစ်ထစ်ချင်း တစ်ထစ်ချင်း လိမ့်ကျသွားတော့တာပဲ။



www.burmeseclassic.com

www.burmeseclassic.com



'အ…'

'အား…'

'အား…'

ကယောင်ကတမ်း နာကျင်ခံစားစွာ အော်ဟစ်လိုက်တဲ့ သူ့ရဲ့ အသံနဲ့အတူ…

'ဂစ်…'

'ဂစ်'ခနဲ ငှက်ဆိုးထိုးသံကိုလည်း ကျယ်ကျယ်လောင်လောင်ကြီး ကြားလိုက်ရတော့တယ်။

အဲဒီညက…

ဒါပါပဲ…။

* ♦ *

www.burmeseclassic.com

www.burmeseclassic.com

(၂၄)

(၂၄)ရက်နေ့။

ကိုရဲသေဆုံးပြီး (၆)လတိတိပြည့်နေတဲ့ ကိုရဲအတွက် ရည်စူးပြီး ကောင်းမှုကုသိုလ်ပြုလုပ်မယ့် ကိုရဲတို့အိမ်ကိုသွားဖို့ ဓာခြည်၊ နိုင်ကျော်စွာ၊ ယွန်းဝတီတို့ ပြင်ဆင်နေကြတုန်းမှာပဲ . . .

သတင်းဆိုးတစ်ခုက သူတို့ဆီရောက်လာတယ်။

'အောင်ကိုသက် ... ညက လှေကားပေါ်က ခြေချော်ကျပြီး ပွဲချင်းပြီး သေသွားပြီ'

တဲ့။



www.burmeseclassic.com

www.burmeseclassic.com



'ဟာ...'

'ဟယ်...'

'ဟင်...'

'ဖြစ်မှဖြစ်ရလေ'

'ဟုတ်ပါ့ရဲ့'

'စိတ်မကောင်းစရာပဲ၊ ကြားရတဲ့သတင်းက'

သူတို့သုံးယောက်သား အောင်ကိုသက် သတင်းဆိုးကို ကြားလိုက်ရပြီး အားလုံးအံ့သြကာ စိတ်မကောင်းဖြစ်သွားကြတယ်။

ဒါပေမဲ့ ထူးခြားတာတစ်ခုကတော့ အောင်ကိုသက် သေဆုံးသွားတဲ့နေ့ကစပြီး ထိတ်လန့်၊ တုန်လှုပ်၊ ချောက်ချား၊ အံ့သြကြောက်ရွံ့စရာကောင်းအောင် အမျိုးမျိုးသွေးဆောင် ခြောက်လှန့်နေတဲ့ ဝိညာဉ်ရိပ်ကြီးကို လုံးဝ သူတို့ မတွေ့ကြရတော့ဘူး ဆိုတာပဲ။

ပြီးတော့ အောင်ကိုသက်နဲ့ပတ်သက်ပြီး ဒီနေ့ (၂၄)ရက် နေ့မှာ ပြတ်ပြတ်သားသား ပြောရတော့မယ့် ဇာခြည်နဲ့ဆုံးဖြတ်



www.burmeseclassic.com

www.burmeseclassic.com



ချက်စကားကိုလည်း အောင်ကိုသက် ကြားခွင့် သိခွင့် မရသွားရှာတော့ဘူး။

တကယ်တော့ အောင်ကိုသက် နှလုံးသားကိုစွန့်ပတ်သက်ပြီး ဇာခြည်ရဲ့ ဆုံးဖြတ်ချက်တစ်ခုကတော့…

အဲဒါပါပဲ။

* ♦ *

BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com

# (၂၉)

‘ကိုအောင်ကိုသက်… ရှင်ဟာဇာခြည်ရဲ့အချစ်ကို ကိုရဲ မရှိခဲ့ရင် ရလိမ့်မယ်ထင်ပြီး ကိုရဲကို ချောက်ကမ်းပါးစွန်းကနေ တွန်းချခဲ့တာပဲမဟုတ်လား၊ အခုလည်း ဒီလိုပဲ ကိုအောင်ကိုသက် လွန်ကျူးခဲ့မှုတဲ့အပြစ်အတွက် ခံလိုက်ရတာပဲ၊ အဲဒါကြောင့်မို့ ဇာခြည့်နဲ့အချစ်ရဲ့ အဝေးဆုံးနေရာကို ကိုအောင်ကိုသက် ရောက်သွားရတာပါပဲ’ အဲဒါပါပဲ။

ဇာခြည့်ရဲ့ အပြတ်သားဆုံး ဆုံးဖြတ်ချက်တစ်ခုကတော့ အဲဒါပါပဲ။

ဓဒဝိ

www.burmeseclassic.com